KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

၂၀၂၄ ခုနှစ်၊ မေလ (၂၂) ကြိမ်မြောက်ထုတ်ဝေသော KHRG ၏သတင်းလွှာ

# လူ့အခွင့်အရေးသတင်းလွှာ

## ကရင်လူ့အခွင့်အရေးအဖွဲ့



### ကျွန်ုပ်တို့၏ အဓိကလုပ်ငန်းများ

- ကွင်းဆင်းသုတေသနနှင့် မှတ်တမ်းပြုခြင်း
- အစီရင်ခံစာရေးသား ထုတ်ဝေခြင်း
- ကျေးလက်စွမ်းရည် ဆွေးနွေးပွဲများ
- ပြည်တွင်းပြည်ပ စည်းရုံးလှုံ့ဆော်ရေး

Karen Human Rights Group
(သို့မဟုတ်)
KHRG – ကရင်နှင့်မြန်မာဘာသာ

www.khrg.org

Karen Human Rights Group
(KHRG)

## မျှော်မှန်းချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် အနာဂတ်တွင် မြန်မာပြည်မှတိုင်းရင်းသားနှင့် ပြည်သူလူထုများအားလုံး တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများ အပြည့်အဝရရှိစေရန် မျှော်မှန်းချက်အခိုင်အမာထားရှိထားပါသည်။

## လုပ်ဆောင်ချက်

ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG)သည် လွတ်လပ်သော လူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်း လူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုန့်ပြန်ကာကွယ်ခြင်းစသည့် နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ရွာသားများ၏အသံ၊ အမြင်သဘောထားနှင့် အဓိကတောင်းဆိုမှုများကို ဆုံးဖြတ်ချက်ချနိုင်သော ဩဇာအာဏာရှိသူများအားလွှမ်းမိုးနိုင်ရန် ရွာသားများ၏လုပ်ဆောင်နိုင်စွမ်းနှင့် ၎င်းတို့၏လူ့အခွင့်အရေးများတောင်းဆိုရာတွင် အခွင့်အလမ်းပိုမိုရရှိလာစေရန် ရည်ရွယ်ပါသည်။ ထိုနည်းအတူ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကိုလည်း ရွာသားများ၏ မိမိကိုယ်ကိုကာကွယ်သည့်နည်းလမ်းများအား ဝိုင်းဝန်းပံ့ပိုးပေးရန် တိုက်တွန်းလိုဆော်ပါသည်။

## နောက်ခံသမိုင်း အကျဉ်းချုပ်

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့သည် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မြန်မာပြည်အတွင်းလူ့အခွင့်အရေးအခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ရွာသားများ၏အသံများကို မှတ်တမ်းတင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအပေါ် သူတို့၏အခွင့်အရေးများကို ပြန်လည်တောင်းဆိုခြင်း၊ တုံ့ပြန်ကာကွယ်ခြင်း စသည့်နည်းဗျူဟာများအား ပံ့ပိုးပေးခြင်းဖြင့်လုပ်ဆောင်နေပါသည်။ ထို့အပြင် ရရှိသည့်သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်းနှင့် ချိုးဖောက်မှုများကို ကာကွယ်လျက်ရှိသည့် ရွာသားများ၏နည်းဗျူဟာများအား ပိုမိုကောင်းမွန်လာစေ ရန် ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုများလုပ်ခြင်း ဖြင့် မြန်မာပြည်ရှိလူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းလျက်ရှိနေပါသည်။ ကျွန်ုပ်တို့၏လုပ်ငန်းများကို အသေးစိတ်သိရှိလိုပါက www.khrg.org တွင် ဖတ်ရှုနိုင်ပါသည်။

# စကားချီး

ဝမ်းမြောက်ခြင်းများစွာဖြင့် (၂၂) ကြိမ်မြောက်သတင်းလွှာကို KHRG မှ တစ်ဖန် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤသတင်းလွှာကို တစ်နှစ်တွင်နှစ်ကြိမ် ထုတ်ဝေလျှက်ရှိပါသည်။ ယခုအကြိမ်ထုတ်ဝေသည့် ဤသတင်းလွှာကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ KHRG မှလက်ခံရရှိခဲ့သည့် သတင်းအချက်အလက်များနှင့် ၎င်းမတိုင်မီအချိန်မှ သတင်းဖြစ်ရပ်များလည်း ထည့်သွင်းရေးသားထားပါသည်။

ဤသတင်းလွှာအား ဖြန့်ဝေရသည့်ရည်ရွယ်ချက်မှာ KHRG မှ လက်ခံရရှိခဲ့သော အချက်အလက်များကို ခရိုင်(၇)ခုအတွင်းရှိ ပြည်သူလူထုများအကြား မျှဝေပေးလိုခြင်းကြောင့်ဖြစ်သည်။ စာဖတ်သူများသည် ခရိုင်တစ်ခုချင်းစီမှ ဖြစ်ပွားခဲ့သည့် အမျိုးမျိုးသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ဖတ်ရှုနိုင်ရန်၊ ကရင်ပြည်နယ်ရှိ ခရိုင်အားလုံးမှ လူ့အခွင့်အရေးအခြေအနေများကို သိရှိရန်နှင့် မျက်စိပွင့်နားပွင့်လာရန်ရည်ရွယ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။

ဤ KHRG သတင်းလွှာတွင် ပါရှိသောအချက်အလက်များကို ကရင်ပြည်နယ်၏ ခရိုင်(၇)ခုဖြစ်သော **ဒူးသထူ (သထုံ)ခရိုင်၊ တောအူး(တောင်ငူ)ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ ဘိတ်-ထားဝယ်ခရိုင်၊ မူတြော်(ဖာပွန်)ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်**တို့မှ ကောက်ယူ၍ ရေးသားတင်ဆက်ထားပါသည်။ ဤသတင်းလွှာထဲမှ လူ့အခွင့်အရေးချိုး ဖောက်မှုပြဿနာတစ်ခုချင်းစီသည် ခရိုင်အားလုံးတွင်ဖြစ်ပွားခဲ့ပြီး အချို့နေရာတွင် ချိုးဖောက်မှုပုံစံတူညီမှုရှိကြပြီး အချို့တွင် ကွဲပြားမှုများရှိနေသည်ကို စာဖတ်သူများအနေဖြင့် သိရှိနိုင်မည်ဖြစ်သည်။

ဤဖော်ပြပါသတင်းစာစောင်ထဲ၌ လေကြောင်းတိုက်ခိုက်မှုများ၊ အရပ်သားပြည်သူများအား မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ ၂၀၁၀ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသုံးပြုမည့် စစ်ကောင်စီ၏ကြေညာချက်၊ ပညာရေးနှင့်ကျန်းမာရေးအခြေအနေ၊ အရပ်သားပြည်သူများအား သတ်ဖြတ်ခြင်း၊ မြေမြှုပ်မိုင်းအသုံးပြုခြင်း၊ စစ်ရေးလှုပ်ရှားမှုများကြောင့် လုယက်ခိုးယူခံရခြင်း နေအိမ်မီးရှို့ဖျက်ဆီးခံရခြင်းနှင့် သွားလာမှုများအား ကန့်သတ်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်း စသည့်အကြောင်းအရာများ ပါဝင်ပါသည်။။

နောက်ဆုံးအနေဖြင့် မြန်မာပြည်အရှေ့တောင်ပိုင်းဒေသအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စာဖတ်သူများမှ သိရှိနားလည်ပြီး ရွာသားများရင်ဆိုင်ကြုံတွေ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ၎င်းတို့၏ခံစားချက်များကို စာဖတ်သူများအနေဖြင့် ရှုမြင်ခံစားနိုင်မည်ဟု KHRG မှ ယုံကြည်ပါသည်။ ထို့အပြင် ဖြစ်နိုင်မည်ဆိုလျှင် ရွာသားများကြုံတွေ့ခံစားရသည့် ပြဿနာရပ်များအား ရှေ့ဆက်၍ အနာဂတ်တွင် အတူတကွကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများရှာဖွေရန်ဖြစ်ပါသည်။

# ဗမာစစ်တပ်၏ ကရင်ပြည်သူလူထုပေါ် လေကြောင်းမှပစ်ခတ်တိုက်ခိုက်မှုများ




ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) မှ လက်ခံရရှိခဲ့သည့် သတင်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဗမာစစ်တပ်ခေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ ကရင်ပြည်နယ်ရှိ ကျေးလက်ဒေသများတွင် လုပ်ဆောင်ခဲ့သော လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များသည် ယခင်ခြောက်လထက်ပို၍များပြားလာကြောင်း တွေ့ရှိရသည်။ ဤလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များသည် ကရင်အမျိုးသားအစည်းအရုံး (KNU) အုပ်ချုပ်သည့်ခရိုင်များဖြစ်သည့် **ဒူးသထူ (သထုံ)ခရိုင်၊ တောအူး(တောင်ငူ)ခရိုင်၊ ခလယ်လွီထူ(ညောင်လေးပင်)ခရိုင်၊ ဘိတ်–ထားဝယ်ခရိုင်၊ မူတြော် (ဖာပွန်)ခရိုင်နှင့် ဒူးပလာယာခရိုင်**တို့တွင် ဖြစ်ပွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဒေသခံရွာသားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးရခြင်း၊ ထွက်ပြေးတိမ်းရှောင်နေရခြင်းအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန် လယ်ယာမြေများ၊ အိမ်ယာပိုင်ဆိုင်မှုများ၊ စာသင်ကျောင်း၊ ဘုရားကျောင်းနှင့် ဘုန်းကြီးကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ရွာသားများ၏တိရိစ္ဆာန် ကျွဲ၊ နွားများလည်း ထိခိုက်သေဆုံးခဲ့ကြရပါသည်။

ဤခရိုင် (၆)ခုတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း SAC သည် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ (၁၂၁) ကြိမ်ထက်မနည်း ပြုလုပ်ခဲ့သောကြောင့် ပြည်သူများသေဆုံးသူစုစုပေါင်း(၁၂)ဦးရှိပြီး၊ ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း (၅၆) ဦးရှိပါသည်။ KHRG ၏မှတ်တမ်းများအရ များသောအားဖြင့် SAC သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)တို့၏တိုက်ခိုက်ခြင်းကိုခံရသောကြောင့် ပြန်လည်တုံ့ပြန်သည့်အနေဖြင့်ရွာသားများနေထိုင်သည့် ကျေးရွာနှင့် အသက်မွေးဝမ်းကျောင်းပြုရာနေရာများကို လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိရသည်။ ဤလေကြောင်းတိုက်ခိုက်မှုများသည် KHRG ၏ လက်လှမ်းမှီသလောက် မှတ်တမ်းပြုစုထားသည့် အချက်လက်များသာဖြစ်ပြီး လက်လှမ်းမမှီသော ဖြစ်စဉ်များလည်းရှိပါသည်။

## ဒူးသထူခရိုင်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)သည် လေယာဉ်ဖြင့် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တာလိုက်ကျေးနယ်အုပ်စု၊ ခက–––ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ လေယာဉ်ကျည်သည် စောက–––၏ အိမ်ခေါင်မိုးမှအခင်းအထိ ကျည်ထိမှန်ပေါက်ထွက်ခဲ့ပါသည်။ လေယာဉ်ပစ်ခတ်နေစဉ် အိမ်သူအိမ်သားများ(၁၁)ဦးနှင့် ရွာသားများသည် အစည်းအဝေးသွားနေသောကြောင့် ထိမှန်ခဲ့ခြင်းမရှိဘဲ နေအိမ်ကိုသာ ထိမှန်ခဲ့ခြင်းဖြစ်ပါသည်။ လေယာဉ်ပစ်ခတ်ပြီးသည့်နောက်တွင် ရွာသားများသည် နေအိမ်ကိုစွန့်ခွာပြီး ဘေးလွတ်ရာ ဆွေမျိုးသားချင်းများထံသို့ ယာယီတိမ်းရှောင်ခဲ့ကြရပါသည်။

## တောအူးခရိုင်

တောအူးခရိုင်တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းတွင် SAC ၏ လေယာဉ်ဗုံးကြဲတိုက်ခိုက်မှုများ (၈)ကြိမ်ပြုလုပ်ခဲ့သောကြောင့် ပြည်သူများသေဆုံးသူစုစုပေါင်း (၇)ဦးရှိပြီး ထိခိုက်ဒဏ်ရာရ ရှိသူစုစုပေါင်း (၁၂)ဦးရှိပါသည်။ သေဆုံးသူရွာသားများထဲတွင် ကလေး(၃)ဦးပါဝင်ပြီး ဒဏ်ရာရသူများထဲတွင်လည်း ကလေး (၆)ဦးပါဝင်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် SAC ဂျက်လေယာဉ်တစ်စီးသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ခခ––– ကျေးရွာတွင် ပျံဝဲခဲ့ပြီး ဗုံး(၂)ကြိမ်ကြဲချခဲ့သည်။ ပထမအကြိမ်တွင် SAC ဂျက်လေယာဉ်တစ်စီးသည် ခခ––– ကျေးရွာ အနောက်ဖက်ရှိ အပေါ်ကုန်းကို ဗုံးကြဲခဲ့သောကြောင့် ခခ––– ကျေးရွာအပေါ်ကုန်းရှိ ဘုရားကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ဘုရားကျောင်းခေါင်းလောင်းစင်၏ သွပ်မိုးနှင့်မှန်နှစ်ချပ်ကို ထိမှန်ပျက်စီးခဲ့သည်။

ထို့နောက် ဒုတိယအကြိမ်တွင် SAC ရဟတ်ယာဉ်တစ်စီးသည် ခခ––– ကျေးရွာအရှေ့ဖက်ရှိ ရွာအောက်ကုန်းကိုဗုံးကြဲခဲ့သောကြောင့် ခခ––– ကျေးရွာရှိ လူနေအိမ်(၁၅)လုံး၊ ဘုရားကျောင်း၏နံရံနှင့်ကျေးရွာစာသင်ကျောင်း၏နံရံများ ထိမှန်ပျက်စီးခဲ့သည်။ ထိမှန်ပျက်စီးသွားသည့် လူနေအိမ်(၁၅)လုံးထဲတွင် အိမ်တစ်လုံးမှာ ဗုံးသီးနှင့် စက်သေနတ်ကျည်များဖြင့် ထိမှန်ပျက်စီးခဲ့သည်။ သို့ဖြစ်၍ အခင်းဖြစ်ပွားစဉ်အတွင်း ထိုအိမ်ထဲ၌နေထိုင်သော အိမ်သူအိမ်သား(၄)ဦး ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့ပြီး(၂)ဦးမှာ သေဆုံးသွားခဲ့ပါသည်။ သေဆုံးသွားသူသည် အသက်(၁၂)အရွယ်ရှိသော စောခ–––ဖြစ်သည်။ ၎င်း၏ ဦးခေါင်းအနောက်ကျောဖက်တွင် ဗုံးအစအနများထိမှန်၍ ထိုနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့သည်။ သေဆုံးသူနောက်တစ်ဦးမှာ စောခ–––၏အဒေါ် (အသက် ၄၅ နှစ်) ဖြစ်သည်။ သူမကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြသော်လည်း (သူမ၏ဒဏ်ရာသည် ပြင်းထန်သောကြောင့်) ဆေးရုံတွင်သာ သေဆုံးသွားခဲ့သည်။ လေကြောင်းတိုက်ခိုက်မှု၏ ထိခိုက်ပျက်စီးမှုကြောင့် ရွာသားများသည် ၎င်းတို့၏အိမ်တွင် နေထိုင်၍မရနိုင်တော့ပေ။ လေကြောင်းတိုက်ခိုက်မှုကြောင့် ခခ–––ကျေးရွာရှိ ရွာသားများပိုင်ဆိုင်သည့် ကွမ်းသီးပင်များ၊ ဖာလာပင်များနှင့် အုန်းပင်များကိုလည်း ထိမှန်ပျက်စီးခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဒေသခံရွာသားများသည် ကြောက်လန့်ကြပြီး ၎င်းတို့၏လုံခြုံရေးအတွက် တောတောင်နှင့် ၎င်းတို့၏ဥယာဉ်ခြံများသို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွား သည့်အချိန်တွင် တစ်ချို့သက်ကြီးရွယ်အိုများသည် မပြေးနိုင်ဘဲ အိမ်ထဲတွင်သာ ကျန်ရစ်ခဲ့သည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကလေးများသည်လည်း ကျောင်းမတက်နိုင်တော့ဘဲ ၎င်းတို့မိဘများနှင့်အတူ ဘေးကင်းရာသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နှစ်ပတ်ကြာပြီးနောက် ရွာသားများသည် ၎င်းတို့၏ရွာသို့ ပြန်လာနေထိုင်ခဲ့သည်။ ရွာသို့ပြန်လာပြီးနောက် တစ်ချို့ကလေးများသည် ကျောင်းပြန်တက်ကြပြီး လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုဖြစ်ပွားမည်ကို ကြောက်ရွံ့ကြသောကြောင့် ကျောင်းပြန်မတက်သည့်အချို့ကလေးများလည်းရှိသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဒေးလိုမူနူအုပ်စု၊ ခဂ---ကျေးရွာသို့ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်သာမက ခရစ်ယာန်ဘုရားကျောင်းတစ်လုံးလည်း ထိမှန်ပျက်စီးခဲ့သည်။ တဖန် ၂၀၂၃ ခုနှစ်၊နိုဝင်ဘာလ ၂၇ ရက်နေ့ ညနေ ၃း၁၇ မိနစ်တွင် SAC သည် ဒေးလိုမူနူကျေးရွာအုပ်စုရှိ ခဃ ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် ရွာသား(၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တစ်ဦးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မွန်းလွဲ ၁၂း၁၂ မိနစ်တွင် စကစ တောင်ငူလေတပ် (တပခ–တောင်ပိုင်းတိုင်းစစ်ဌာနချုပ်)သည် တောင်ငူမြို့နယ်ရှိ ရဟတ်ယာဉ်တစ်စီးဖြင့် ခင--- ကျေး ရွာ ရပ်ကွက် (၃) အတွင်းသို့ လာရောက်ဗုံးကြဲခဲ့သည်။ အကြောင်းမှာ ယခင် ၂၀၂၃ ခုနှစ် နွေရာသီကာလတွင် ထီးဒေးအုပ်စု၌ SAC နှင့် KNLA/PDF ပူး ပေါင်းတပ်တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် SAC သည် ထီးဒေးအုပ်စုတွင် PDF စစ်သားများတည်ရှိသည်ဟုယူဆသောကြောင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် လေကြောင်းဖြင့် တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ရွာသားများမှ ထင်မြင်ယူဆကြသည်။

ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် ခင---ကျေးရွာရှိ ပြည်သူ(၄)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ အဘွားအို (ဒေါ်ဂ---) အသက် ၅၈ နှစ် သည် ၎င်း၏ဦးခေါင်းနှင့် ဗိုက်တွင်ထိမှန်ခဲ့ပြီးနောက် အူထွက်ပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့ပါသည်။ ထို့အပြင် ပြည်သူများ၏ နေအိမ်(၂)လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်သာမက အိမ်မွေးတိရစ္ဆာန်များလည်း သေဆုံးခဲ့ရသည်။ ပြည်သူများ၏ နွား(၃)ကောင်နှင့် ခွေး (၁) ကောင်သေဆုံးခဲ့ပြီး ခွေး(၂)ကောင်လည်း ဒဏ်ရာရခဲ့ပါသည်။ ထို့အပြင် စိုက်ပျိုးထားသောအပင်များလည်းပျက်စီးသွားကာ ၎င်းတို့ မွေးမြူထားသော ကြက်များလည်းသေခဲ့ရသည်ဟုသိရှိရသည်။

ထိုနောက် ထိုနေ့မွန်းလွဲ ၂း၁၅ မိနစ် အချိန်တွင် တောင်ငူဘက်က တက်လာသည့်ရဟတ်ယာဉ် တစ်စီးသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ် (ရေတာရှည်မြို့နယ်) ထီးဒေးနယ်မြေ(ပိတောက်ကုန်းအုပ်စု)သံတောင်မြောက်ပိုင်းအထူးဒေသ၊ ခစ--- ကျေးရွာသို့ အကြောင်းမဲ့လာရောက်ဗုံးသီးကြဲချခဲ့သည်။ ကြဲချခဲ့သောဗုံးသည် ခစ--- ကျေးရွာပြည်သူတစ်ဦး၏ နေအိမ်အပေါ်ကျရောက်ပေါက်ကွဲပြီး ထိုအိမ်၏မိသားစုဝင်(၃) ဦး သေဆုံးပြီး ၅ ဦးမှာ ဒဏ်ရာရရှိခဲ့ပါသည်။



KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဤပုံကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့၌ တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးသာစောကျေးရွာအုပ်စု၊ ခခ--- ကျေးရွာတွင်နေထိုင်သော ရွာသားတစ်ဦးဖြစ်သူ နော်ဃ---ထံမှ လက်ခံရရှိခဲ့သည်။ ပုံတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့၌ SAC မှ ခခ--- ကျေးရွာအား လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သောကြောင့် အသက် (၁၂) နှစ်အရွယ် စောခ--- အား ထိမှန်၍ သေဆုံးသွားသော သူ၏ရုပ်အလောင်းဖြစ်သည်။ ***(ဓာတ်ပုံ – ဒေသခံရွာသား)***

## ခလယ်လွိုထူခရိုင်

ဤခြောက်လတာကာလအတွင်း ခလယ်လွိုထူ (ညောင်လေးပင်)ခရိုင်တွင် SAC မှ စုစုပေါင်းဗုံး (၆၂) လုံးထက်မနည်း လေကြောင်းဖြင့် ကြဲချတိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် ဒေသခံပြည်သူ ၂ ဦးသေဆုံးခဲ့ပြီး (၂၃) ဦး ဒဏ်ရာရခဲ့သည်သာမက အိမ်ခြေပေါင်း (၈၀) ခန့်နှင့် လူဦးရေ (၃၄၉) ဦးထက်မနည်းထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ ညနေ ၁း၃၀ မှ ၃း၀၀ ကြား အချိန်တွင် တောင်ငူလေတပ်စခန်းမှ SAC ဂျက်လေယာဉ်နှစ်စင်းနှင့် ရဟတ်ယာဉ်နှစ်စင်းသည် ခလယ်လွိုထူခရိုင်၊ မူးမြို့နယ်၊ ခဆ---ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ဤလေ ကြောင်းတိုက်ခိုက်မှုကြောင့် အသက်(၁၂) နှစ်အရွယ် စောင--- ထိခိုက် သေဆုံးခဲ့ပြီး အခြားရွာသား(၆)ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြသည်။ ထို့အပြင် ဆေးရုံအဆောက်အဦးများ၊ စာသင်ကျောင်းများနှင့် အိမ်ခြေ (၁၅) လုံးလည်း ပျက်စီးဆုံးရှုံးသွားခဲ့ပါသည်။ SAC မှ ခဆ---ကျေးရွာတွင်းသို့ လေကြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ရခြင်းမှာ ခဆ--- ရွာသားများသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် KNLA နှင့် PDF ပူးပေါင်းတပ်များ ခည--- ကျေးရွာရှိ SAC စစ်စခန်းကို သိမ်းပိုက်ရန်တိုက်ခိုက်နေစဉ် အကူအညီပေးခဲ့သောကြောင့်ဖြစ်သည်ဟုသိရှိရသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် SAC သည် လေကြောင်းဖြင့် ခလယ်လွိုထူခရိုင်၊ ဆောထိမြို့နယ်၊ ထီးခေးလိုကျေးရွာအုပ်စု၊ ခတ--- ကျေးရွာနှင့် ခထ---ကျေးရွာများသို့ စုစုပေါင်း (၄)ကြိမ် တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထို့ကြောင့် ခတ---ကျေးရွာရှိ အိမ်ခြေပေါင်း(၄၉)အိမ်မှ လူဦးရေ(၂၀၀)ကျော်နှင့် ခဒ--- ကျေးရွာရှိ အိမ်ခြေ (၂၀) မှ လူဦးရေ (၉၁) ဦးတို့သည် တောထဲသို့ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ ခထ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်ရသည့် လူဦးရေ ပမာဏကိုမူ မသိရှိရပေ။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် မနက် ၉း၁၅ အချိန်တွင် SAC ၏ စစ်လေယာဉ်သည် လယ်ဒိုမြို့နယ်၊ ခဲဒဲအုပ်စု၊ ခန---ကျေးရွာသို့ ဗုံး (၂) လုံးကြဲချ၍ အော်လီဂန်းသေနတ်ဖြင့် သုံးကြိမ်ပစ်ခတ်မှုပြုလုပ်ခဲ့ရာ ရွာသားတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ်(၃)လုံး နှင့် မူလတန်းကျောင်း အဆောက်အဦးတစ်လုံး အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုကြောင့် အိမ်ထောင်စု(၁၁)စုမှ လူဦးရေ (၅၈) ဦးသည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထပ်မံ၍ ထိုနေ့ညနေ ၃း၄၅ မိနစ်အချိန်မှ ၄း၁၅ မိနစ်အချိန်တွင်း စစ်သင်တန်းပေးသည့်နေရာအား ဗမာစစ်တပ်မှ လေယာဉ်ဖြင့် ဗုံးတစ်လုံးကြဲချ၍ အော်လီဂန်းသေနတ်ဖြင့် (၃) ကြိမ် ပစ်ခတ်မှုပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် နေ့လည် ၁၁း၄၅ မှ ၁၂း၃၀ အထိ SAC သည် လေယာဉ်ဖြင့် လယ်ဒိုမြို့နယ်၊ မို့အုပ်စု၊ ခပ---ကျေးရွာသို့ ဗုံး (၅) လုံး ကြဲခဲ့သည်။ ထို့ကြောင့် ရွာသား ၃ ဦးဒဏ်ရရှိခဲ့သည်။ SAC အနေဖြင့် ရွာသားများသည် PDF, KNLA နှင့် ပူးပေါင်းသည်ဟု ယူဆသောကြောင့် လေကြောင်းဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နေ့လည် ၁၁း၃၀ မိနစ်အချိန်တွင် SAC သည် ဂျက်လေယာဉ် ၅ စင်း၊ ရဟတ်ယာဉ်တစ်စင်းဖြင့် ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်အတွင်း (၂)ကြိမ် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုပစ်ခတ်တိုက်ခိုက်ခံရသည့်နေရာများမှာ လယ်ဒိုမြို့နယ်၊ ပဒဲကောကျေးရွာအုပ်စု၊ ခဖ---ကျေးရွာအနီးရှိ ရဲစခန်းနှင့် KNLA တပ်ရင်း(၉)အခြေစိုက်ရာ ကျွန်းတောနေရာများဖြစ်ပြီး စုစုပေါင်းတိုက်ခိုက်မှု ၁၆ ကြိမ် ပြုလုပ်ခဲ့သည်။ ထိုလေကြောင်း ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သား (၁၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး (၁) ဦး သေဆုံးခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများနှင့် သေဆုံးသူသည် ရဲ စခန်းအတွင်း အကျဉ်းချခံထားရသူများဖြစ်သည်။ ကလောမော်ခိုကျေးရွာအုပ်စု၊ ခဖ–-- ကျေးရွာ၊ လော်မူသောကျေးရွာအုပ်စု၊ ခဘ---ကျေးရွာ၊ လယ်ဒိုမြို့နယ်၊ ဝက်လတောကျေးရွာအုပ်စု၊ ခမ--- ကျေးရွာများသည် လေကြောင်းတိုက်ခိုက်မှုခံရသည့် နေရာများနှင့်နီးသောကြောင့် ရွာသားများအနေဖြင့် ကြောက်လန့်ကြပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။




ဤပုံကို၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ ငါးထွေစုပ်အုပ်စု၊ ခယ--- ကျေးရွာတွင် ရိုက်ကူးခဲ့ပါသည်။ စစ်ကောင်စီစစ်လေယာဉ် (၂) စင်းနှင့် ရဟတ်ယာဉ် (၂) စင်းသည် မြေပုံ (ငါးထွေစုပ်) ကျေးရွာတွင် လေကြောင်းဖြင့်တိုက်ခိုက်ခဲ့သောကြောင့် ပြည်သူများ၏အိုးအိမ်များ ပျက်စီးသွားသည့်ပုံဖြစ်သည်။ *(ဓာတ်ပုံ– KHRG)*

## ဘိတ်–ထားဝယ်ခရိုင်

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဘိတ်–ထားဝယ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ တကက်အုပ်စု၊ ခရ---ကျေးရွာအတွင်းသို့ လေယာဉ်ဖြင့် (၂) ကြိမ်ပစ်ခတ်ခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် တော်လှန်ရေးပူးပေါင်းတပ်များနှင့် SAC ခမရ–၅၆၁ တို့ကြား တိုက်ပွဲဖြစ်ပွားပြီးနောက် ပြည်သူများနေထိုင်နေရာများသို့ Mi–2 လေယာဉ်အမျိုးအစားဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ခလ--- ကျေးရွာအနီးရှိ ဥယျာဉ်ခြံတွင်းအလုပ်လုပ်နေသည့် ရွာသားများအနီး ကျရောက်ပေါက်ကွဲခဲ့သည်။ ထပ်မံ၍ ၂ လပိုင်းတွင်လည်း လေယာဉ်ဖြင့်(၂)ကြိမ် တိုက်ခိုက်မှု ပြုလုပ်ခဲ့ပြန်သည်။

## မူတြော်ခရိုင်

မူတြော်ခရိုင်အတွင်းတွင်လည်း ခြောက်လတာကာလအတွင်း SAC မှ လေကြောင်းတိုက်ခိုက်မှု စုစုပေါင်း (၃၂) ကြိမ်ပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ (၄) ဦးသေဆုံးခဲ့ပြီး (၈) ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ ညနေ ၆း၀၅ မိနစ်အချိန်တွင် SAC ဂျက်လေယာဉ်တစ်စင်းသည် မူတြော်ခရိုင်၊ ဒွဲလိုမြို့နယ်၊ နားကိုခီးအုပ်စု၊ ခဝ---ကျေးရွာအတွင်းသို့ တိုက်ခိုက်ခဲ့ပြီးနောက် ဗုံး (၂) လုံးပစ်ချခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ပြည်သူ (၄) ဦးသေဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ SAC ကြဲချလိုက်သောဗုံး (၁) လုံးသည် အသက် ၄၇ နှစ်အရွယ်ရှိ စောစ--- ၏အိမ်ထဲသို့ ကျရောက်ပေါက်ကွဲသောကြောင့် ၎င်း၏ဦးခေါင်းကိုထိမှန်ပြီး ၎င်းမှာ နေရာတွင်ပင်သေဆုံးသွားခဲ့ပါသည်။ ထို့အတူ ၎င်း၏သားဖြစ်သူ စောဆ--- အသက် ၁၂ နှစ်အရွယ်သည်လည်း ဦးခေါင်းနှင့်ဝမ်းဗိုက်ကို ဗုံးစထိမှန်၍ နေရာတွင်ပင်သေဆုံးသွားခဲ့သည်။ သူ၏သမီးဖြစ်သူ နော်ည--- အသက် ၁၇ နှစ်နှင့် သားဖြစ်သူ စောတ--- အသက် ၁၀ နှစ်တို့မှာမူ မျက်နှာ၌ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။ ထို့ကြောင့် စောစ---၏ မိသားစုဝင်ထဲတွင် နှစ်ဦးဒဏ်ရာရရှိ၍ နှစ်ဦးသေဆုံးခဲ့ကာ အိမ်တွင်းရှိပစ္စည်းများလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

ထို့အပြင် အခြားရွာသားများဖြစ်သော အသက် ၁၄ နှစ်အရွယ် ၇ တန်းကျောင်းသား စောထ--- ၏ ခြေထောက်နှစ်ဖက်နှင့် ရင်ဘတ်ကိုထိမှန်ခဲ့ပြီး ၎င်းအား လယ်ထူဖိုးဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီး၌ အသက်ဆုံးရှုံးခဲ့သည်။ ထို့အတူ ၈ တန်းကျောင်းသူ နော်ဒ--- အသက် ၁၆ နှစ်၏ ဦးခေါင်းကိုလည်း ထိမှန်သဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။ ၎င်းတို့အပြင် နော်န--- အသက် ၁၃ နှစ် ၅ တန်းကျောင်းသူနှင့် သူမ၏မောင်တို့သည်လည်း ခြေထောက်၌ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ ထို့ကြောင့် ၎င်းတို့အား လယ်ထူဖိုးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြပြီး နော်န---မှာမူ ဒဏ်ရာပြင်းထန်သဖြင့် မူယူဆေးရုံ (ထိုင်းနိုင်ငံ) သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် လွှဲပြောင်းပို့ ဆောင်ပေး

စာမျက်နှာ ၁၀ သို့ ▶▶ ▶▶

# အတင်းအဓမ္မဖမ်းဆီးခြင်း နှင့် ညှဉ်းပမ်းနှိပ်စက်ခြင်း

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း သုံးနှစ်အကြာတွင် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခေါ် ဗမာစစ်တပ်၏ စစ်သားများမှ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှု ပိုမိုများပြားစွာ ကျူးလွန်လာခဲ့ပါသည်။ ထိုလူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများတွင် အဓမ္မဖမ်းဆီးခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်းကဲ့သို့သော ချိုးဖောက်ကျူးလွန်မှုများမှာ အဖြစ်များလာခဲ့ပါသည်။ ဤကဲ့သို့သော ချိုးဖောက်ကျူးလွန်မှုများကို အဓိကကျူးလွန်သူမှာ SAC စစ်သားများဖြစ်ကြသည်။ SAC ၏ စစ်သားများအနေဖြင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များ၏သတင်းအချက်အလက်ရယူရန်အတွက် ဒေသခံရွာသားများအား မတရားဖမ်းဆီးခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်မှုများ ပြုလုပ်လေ့ရှိသည်။ အချို့သောဖြစ်ရပ်များတွင်လည်း SAC ၏ စစ်သားများမှ ရွာသားများအား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်နွယ်မှုရှိသည်ဟုစွပ်စွဲ၍သော်လည်းကောင်း၊ လူသားဒိုင်းအဖြစ်နှင့် လမ်းပြအဖြစ်အသုံးပြုရန်အတွက်သော်လည်းကောင်း ဖမ်းဆီး၍ညှဉ်းပမ်းနှိပ်စက်ခြင်းလည်း ရှိပါသည်။ KHRG မှ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ၏ ရွာသားများအပေါ် အဓမ္မဖမ်းဆီးသည့်ဖြစ်ရပ်ကိုလည်း လက်ခံရရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း KHRG မှ ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုအစီရင်ခံစာ(၂၁)စောင် လက်ခံရရှိခဲ့ပြီး ထိုအထဲတွင် ကျူးလွန်မှုခံရသူ (၄၂) ဦး ပါဝင်ပါသည်။ ဤကဲ့သို့သော အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ညှဉ်းပမ်း နှိပ်စက်ခြင်းကျူးလွန်မှုများကို KNU အုပ်ချုပ်နယ်မြေရှိ ခရိုင် (၇) ခရိုင်ဖြစ်သော ဒူးသထူ(သထုံ)ခရိုင်၊ တောအူး(တောင်ငူ)ခရိုင်၊ ခလယ်လွိထူ(ညောင်လေးပင်)ခရိုင်၊ မြိတ်-ထားဝယ်(ဘိတ်-ထားဝယ်)ခရိုင်၊ မူတြော်(ဖာပွန်)ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်များမှ မှတ်တမ်းပြုစု၍ ကောက်နုတ်ရေးသား ဖော်ပြထားခြင်းဖြစ်ပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများသည် မကြာခဏဆိုသကဲ့သို့ SAC စစ်သားများ၏ဖမ်းဆီးခြင်းခံရပြီး ၎င်းတို့အနေဖြင့် အကျဉ်းထောင်၊ ရဲစခန်း၊ စစ်တပ်စခန်းများနှင့် စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးထိန်းသိမ်းခံရကြပါသည်။ တစ်ခါတစ်ရံ SAC စစ်သားများသည် ရွာသားများအား ကျေးရွာ၊ အသက်မွေးဝမ်းကျောင်းပြုရာ လယ်ယာနှင့် တောင်ယာများတွင် ဝင်ရောက်ဖမ်းဆီးခြင်းအပြင် လမ်းပေါ်တွင်တွေ့ရှိသောရွာသားများကိုပါ မေးမြန်းဖမ်းဆီးလေ့ရှိပါသည်။ ဤကဲ့သို့သော အဓမ္မဖမ်းဆီးမှုများနှင့် ညှဉ်းပမ်းနှိပ်စက်မှုများသည် ရွာသားများအားကြောက်ရွံ့မှုကို ပိုမိုဖြစ်ပေါ်စေပြီး ၎င်းတို့အသက်မွေးဝမ်းကြောင်းပြုလုပ်ရန် နေ့စဉ်သွားလာလုပ်ရှားမှုများတွင်လည်း အခက်အခဲကြီးမားစွာဖြစ်ပေါ်စေပါသည်။


**လူထုအား ခြောက်လှန့်ရန် ရွာသားများအား အဓမ္မဖမ်းဆီးနှိပ်စက်ခြင်း**

မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားများသည် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် ၎င်းတို့၏တောင်ယာ၊ လယ်ယာများသို့သွားသည့်အချိန်တွင်လည်း SAC စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံရကြပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ ညနေ ၄း၃၀ အချိန်တွင် SAC စစ်သားများမှ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဂက---ကျေးရွာတွင်နေထိုင်သည့် နော်မ---ကို ၎င်း၏ လယ်ယာ၌ ကွဲကျောင်းနေသည့်အချိန်တွင်ဖမ်းဆီးခဲ့ပါသည်။ သူမအနေဖြင့် လက်နက်ကိုင်ပဋိပက္ခပြင်းထန်နေသည့်အချိန်တွင် ၎င်း၏သားနှင့်သားမက်တို့ ကွဲကျောင်းသွားရန်အလွန်အန္တရာယ်ရှိသောကြောင့် သူမကိုယ်တိုင်ကွဲကျောင်းထွက်ခဲ့ပါသည်။ SAC စစ်သားများမှ နော်မ---အားဖမ်းမိသည့်အချိန်တွင် ဒေသအတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များ၏ လှုပ်ရှားမှုသတင်းအချက်အလက်များကိုရရှိရန် ရင်ဘတ်အားသေနတ်ထောက်မေးမြန်းခဲ့သည်။ ထို့နောက် အဆိုပါ SAC တပ်ဖွဲ့ (အမည်မသိတပ်ဖွဲ့) ၏ တပ်ရင်းမှူးနှင့်တွေ့ရန်အတွက် ၎င်းတို့အခြေ စိုက်သည့် ဝါ့မေကျိုး တောထဲတစ်နေရာတွင် သူမအားခေါ်ဆောင်သွားခဲ့ပါသည်။ နော်မ--- သည် မြန်မာ(ဗမာ) စကားမပြောတတ်သဖြင့် SAC စစ်သားများနှင့် စကားပြောဆိုရန်အခက်အခဲရှိနေခဲ့ပါသည်။ သို့သော် သူမအနေဖြင့် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ကွဲကျောင်းနေခဲ့ကြောင်း SAC စစ်သားများအား ပြန်ဖြေခဲ့ပါသည်။ နော်မ--- မှ SAC စစ်သားများအား ရှင်းပြခဲ့သော်လည်း SAC စစ်သားများသည် သူမအား ဝါ့မေကျိုးတောထဲတစ်နေရာတွင် အစာမကျွေးပဲ တစ်ညလုံးချည် နှောင်ထားခဲ့ပါသည်။ နောက်ပိုင်းတွင် SAC စစ်သားများသည် သူမအား မုန့်သရေစာကိုသာ ကျွေးခဲ့သည်။ သို့သော် သူမအနေဖြင့် ကြောက်ရွံ့စွာဖြင့် လက်ခံခဲ့ပါသည်။ နောက်နေ့မနက်တွင် သူမကို SAC စစ်သားများမှ ပြန်လွှတ်ပေးခဲ့ပါသည်။




ဤပုံကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် မူတြော်ခရိုင်၊ မထောကျေးရွာအုပ်စု၊ ဂက---ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ဤပုံသည် SAC စစ်သားများ၏ စစ်ဆေးမေးမြန်းခံရပြီး တောထဲတွင် တစ်ညလုံးချည်နှောင် ထားခံခဲ့ရသော နော်မ---၏ပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*

ဒေသခံရွာသားများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခပိုမိုတင်းမာလာမှုနှင့် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့်အချိန်တွင် ၎င်းတို့အနေဖြင့် အသက်အန္တရာယ်ရှိသည့်ကြားကပင် ကျေးရွာသို့ပြန်၍ အစားအစာပြန်ယူခြင်းအပြင် အိမ်မွေးတိရိစ္ဆာန်များကို အစာပြန်ကျွေးကြပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ဝေါရေ(ဝင်းရေး)မြို့နယ်၊ ခလယ်–တံခွန်တိုင်ကျေးရွာအုပ်စု၊ ဂခ---ကျေးရွာရှိ အသက် (၅၀) နှစ်အရွယ်ရှိ ရွာသားဦးယ--- သည် စစ်ဘေးရှောင်သည့်နေရာမှ ၎င်း၏ကျေးရွာသို့ ဝက်စာကျွေးရန်ပြန်လာသည့် အချိန်တွင် SAC စစ်သားများ၏ဖမ်းဆီးခြင်းကိုခံခဲ့ရပါသည်။ SAC စစ်သားများ၏ဖမ်းဆီးခြင်းကိုခံရပြီးနောက် ရိုက်နှက်ထိုးကြိတ်ခြင်းခံခဲ့ရသဖြင့် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူခဲ့ရပါသည်။ မြန်မာပြည် အရှေ့တောင်ပိုင်းရှိ ဒေသခံရွာသားများသည် အဓမ္မဖမ်းဆီးခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် ရရှိသော ရုပ်ပိုင်းနှင့်စိတ်ပိုင်း ဆိုင်ရာဒဏ်ရာတို့ကြောင့် SAC စစ်သားများ၏ ဖမ်းဆီးခြင်းခံရမည်ကိုကြောက်ရွံ့ကြသဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက်ပင် ကြောက်ရွံ့နေကြရပါသည်။





ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနှစ်ရက်အကြာတွင် အထက်ပါပုံနှစ်ပုံကို ဒေသခံခေါင်းဆောင်တစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် SAC စစ်သားများမှ ဒူးပလာယာခရိုင်၊ ဝေါရေမြို့နယ်၊ ခလယ်တံခွန်တိုင်ကျေးရွာအုပ်စု၊ ဂခ---ကျေးရွာမှ အသက် (၅၀) အရွယ် ရွာသားတစ်ဦးဖြစ်သူ ဦးယ---ကို ဖမ်းဆီးခဲ့သည်။ ဦးယ---သည် သူ၏ဝက်များကို အစာပြန်လာကျွေးရန်အတွက် သူ၏ရွာသို့ပြန်လာသည့်အချိန်တွင် SAC မှ ၎င်းအားဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဦးယ---ဖမ်းဆီးခံရပြီးနောက် SAC စစ်သားများသည် ၎င်းအား ရိုက်နှက်ထိုးကြိတ်ခဲ့၍ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိခဲ့သည်။ ပုံတွင်ပြထားသည့်အတိုင်း ဦးယ---ဒဏ်ရာရရှိခဲ့သောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ – ဒေသခံခေါင်းဆောင်တစ်ဦး)*

**SAC မှ ရွာသားများအား ပုန်ကန်သူဟုစွပ်စွဲ၍ ဖမ်းဆီးနှိပ်စက်မှုပြုခြင်း**

ရွာသားများသည် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များကို ထောက်ပံ့ပေးသူများအဖြစ် မကြာခဏစွပ်စွဲခံရလေ့ရှိကြပြီး ဤကဲ့သို့သောအကြောင်းအရင်းများကြောင့် အဓမ္မဖမ်းဆီးခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းခံရကြပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့၌ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ တနေးကျေးရွာအုပ်စု၊ ဂဂ---ကျေးရွာနေ စောရ--- အား ကျွဲကျောင်းသွားနေစဉ် မယ်ကဝါးထဒေသ၊ လေးကလား(ကျောက်ဆောင်)တွင် SAC စစ်သားများ၏ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ SAC မှ စောရ--- အား မေးခွန်းများမေးပြီး ငပွေး(သူပုန်)လက်ခံ ဟုစွပ်စွဲခဲ့ကြပါသည်။ စောရ--- သည် ဖမ်းဆီးခံရသည့်အချိန်တွင် *"သူတို့ [SAC စစ်သား] တွေက ကျွန်တော့်ကို ဓားပြင်နဲ့ရိုက်နှက်တာ သွေးပါထွက်တယ်။ ပြီးတော့ ပါးကိုလည်း ရိုက်တယ်။ နောက်ပြီးသူတို့က ကြိုးပြန်ယူပြီး ကျွန်တော့်ကို နောက်ပြန်ကြိုးတုတ်တယ်။ ကျွန်တော့်လက်တွေကရောင်ကိုင်းလာပြီး။ သွေးတောင်သွားလို့မရတော့တာ။ အရမ်းတင်းတာ။ လုံးဝမခံနိုင်တော့ ကျွန်တော့်ကိုကြိုးလာလျှော့ပေးဖို့ တပ်ကြပ်ကြီးကိုပြောလိုက်တယ်။ သူကြိုးလာလျှော့ပေးလိုက်တော့ နည်းနည်းအဆင်ပြေသွားတယ်။"* ဟု ပြန်လည်ပြောပြခဲ့ပါသည်။ ထိုညတွင် ၎င်းသည် ဂဃ--- ရွာသားတစ်ဦးနှင့်အတူသစ်ပင်တစ်ပင်တွင် ဖမ်းဆီးချည်နှောင်ခြင်းခံခဲ့ရပါသည်။ အဆိုပါဂဃ---ရွာသားတစ်ဦးအား SAC စစ်သားများမှ စစ်ဆေးမေးမြန်းရိုက်နှက်စဉ်တွင် စောရ---သည် ၎င်းကိုချည်ထားသည့် ကြိုးအားသစ်ပင်ဖြင့်ပွတ်ကာကြိုးပြတ်ထွက်သွားပြီးနောက် တောထဲသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။ SAC စစ်သားများမှ ၎င်းကို (၂) ရက်ကြာဖမ်းဆီးခဲ့ပြီး (၃)ရက်မြောက်သောနေ့တွင် ထွက်ပြေးလွတ်မြောက်လာခဲ့ပါသည်။ ၎င်းထွက်ပြေးလွတ်မြောက်လာပြီးသည့်နောက် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ကြောက်ရွံ့ခြင်းကြောင့် နှစ်ရက်သုံးရက်ကြာ အိပ်၍မရခဲ့ပါ။ ယခုအချိန်တွင် ရွာသားများအနေဖြင့် SAC စစ်သားများ၏ဖမ်းဆီးခြင်းခံရမည်ကိုကြောက်ရွံ့ကြသဖြင့် အသက်မွေးဝမ်းကျောင်းပြုရန်အတွက် ၎င်းတို့၏လယ်ယာ၊ တောင်ယာများသို့မသွားရဲကြပဲဖြစ်နေပါသည်။ SAC စစ်သားများသည် ရွာသားများကိုဖမ်းဆီးချုပ်နှောင်ထားကာ ညှဉ်းပန်းနှိပ်စက်ခြင်းကိုပါ ကျူးလွန်သောကြောင့် SAC စစ်သားများ၏ ဖမ်းဆီးခံရခြင်းမှ ထွက်ပြေးလွတ်မြောက်လာကြသူများအပါအဝင် ၎င်းတို့၏မိသားစုဝင်များသည်လည်း မလုံခြုံမှုကို ဆက်လက်ခံစားနေကြရသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလတွင် ဖမ်းဆီးခံရသည့် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ တနေးကျေးရွာအုပ်စု၊ ဂဃ---ကျေးရွာနေ အသက် (၂၀) နှစ်ရှိသည့် စောလ---၏ သုံးကြိမ်တိုင်အောင်ဖမ်းဆီးခံရပြီး ညှဉ်းပန်းနှိပ်စက်ခံရသည်ကို ဂဃ---ရွာသူကြီးမှ ပြောပြခဲ့ပါသည်။ SAC စစ်သားများမှ စောလ--- ကို ပထမအကြိမ်၌ ၎င်း၏လယ်ယာတွင် ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။ စောလ--- ကိုဖမ်းဆီးချုပ်နှောင်ပြီးသည့်နောက်ပိုင်း SAC စစ်သားများမှ ၎င်း၏ နာမည်နှင့် လက်နက်ကိုင်အဖွဲ့အစည်းနှင့်ဆက်နွှယ်မှုရှိမရှိ မေးမြန်းခဲ့ပြီး အခြားသောဖမ်းဆီးခံထားရသည့်

သူငယ်ချင်းများနှင့်အတူ ဒွယ်လိုးမြို့နယ်အတွင်းရှိ ဝဝီးလေးလမ်းသို့ အစမ္ပို့ဆောင်စေခဲ့ပါသည်။ ထို့နောက် SAC စစ်သားများမှ ဒုတိယအကြိမ်စောလ--- နှင့် ၎င်း၏သူငယ်ချင်းနှစ်ဦးဖြစ်သည့် မောင်ဝ--- နှင့် စောသ--- တို့အား လမ်းပေါ်တွင်ဖမ်းဆီးမိခဲ့ပါသည်။ SAC စစ်သားများမှ ၎င်းတို့ကိုဖမ်းဆီးသည့်အချိန်တွင် သယ်လာသည့် ဘက်ထရီနှင့်အတူဖမ်းဆီးရမိခဲ့သည်။ စောလ--- နှင့် ၎င်း၏သူငယ်ချင်းဖြစ်သူမှ အဆိုပါဘက်ထရီအား ဖုန်းအားသွင်းရန်အတွက်သာ အသုံးပြုမည်ဟု ပြောခဲ့သော်လည်း SAC စစ်သားများမှ ၎င်းတို့သည် ကရင်လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့နှင့် ဆက်နွှယ်မှုရှိသည်ဟုစွပ်စွဲခဲ့သည်။ SAC စစ်သားများမှ ၎င်းတို့သုံးဦးအားဖမ်းဆီးပြီး ၎င်းတို့ထဲမှ နှစ်ဦးအား တနေးကျေးရွာအုပ်စု၊ ဂဂ--- ကျေးရွာသို့ အစားအစာသွားဝယ်ရန်အတွက် ငွေသား(၂၄၀,၀၀၀) ကျပ်ပေးခဲ့သည်။ သို့သော် SAC စစ်သားများမှ ကျော်ကူးအား ၎င်းတို့နှင့်အတူနေခိုင်းခဲ့ပါသည်။ မောင်ဝ--- နှင့် စောလ--- ထွက်ခွာပြီးခဏအကြာတွင် KNLA မှ အဆိုပါ SAC စစ်သားများအားတိုက်ခိုက်ခဲ့ပါသည်။ ဤတိုက်ခိုက်မှုကြောင့် မောင်ဝ--- နှင့် စောလ--- နှစ်ဦးမှာ SAC စစ်သားများထံ ပြန်သွားရန်ကြောက်ရွံ့ခဲ့ကြပါသည်။ ဤတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နောက် SAC စစ်သားများမှ အဆိုပါရွာသား သုံးဦးသည် ဤတိုက်ခိုက်မှုတွင်ပါဝင်ပတ်သက်သည်ဟုစွပ်စွဲကာ မောင်ဝ--- ကိုပါ စစ်တပ်ဗိုလ်ဖြစ်သည်ဟု စွပ်စွဲခဲ့ပါသည်။ ထို့နောက် စောသ--- အား ဆက်လက်ဖမ်းချုပ်ထားခဲ့ပြီး ၎င်း၏မျက်နှာအား မီးတို့ခြင်း၊ ကျောဖက်အား ဓားဖြင့်မထိတထိထိုးခြင်းနှင့် ခေါင်းအားရိုက်၍ ပြင်းထန်စွာညှဉ်းပမ်းနှိပ်စက်ခဲ့ပါသည်။ SAC စစ်သားများမှ စောသ--- အား *“မင်းတို့က ကော်သူးလေတပ်ကကောင်တွေပဲ။ တွေ့လား၊ မင်းရဲ့သူငယ်ချင်းလွတ်ရုံလေးရှိသေးတယ်၊ သူတို့က ငါတို့တွေကိုလာတိုက်ခိုက်နေပြီး။ မင်းရဲ့သူငယ်ချင်းတွေ မပြန်လာဘူး၊ ပြီးတော့ KNLA ကငါတို့ကို နောက်ထပ်တိုက်ခိုက်မယ်ဆိုရင်တော့ မင်းကိုမတတ်တပ်ရပ်အနေအထားနဲ့ မြေမြှုပ်ပစ်မယ်။”* ဟု ပြောဆိုခြိမ်းခြောက်ခဲ့သည်။ ထို့နောက် ဂဃ--- ရွာသူကြီးမှ SAC စစ်သားများနှင့်ညှိနှိုင်းကာ SAC မှ မောင်ဝ--- နှင့် စောလ---ထံ ပေးလိုက်သည့်ပိုက်ဆံကို ပြန်တောင်းပြီး ၎င်းတို့ငွေပမာဏအတိုင်းရရှိပြီးမှသာ စောသ--- အား လွှတ်ပေးခဲ့ပါသည်။ စောသ--- ပြန်လွတ်လာသည့်နောက် SAC ၏ ညှဉ်းပမ်းနှိပ်စက်မှုမှရရှိသည့် ဒဏ်ရာများကိုကုသမှုခံယူရန် လိုအပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့ ညနေ ၃ နာရီဝန်းကျင်ခန့်တွင် SAC စစ်သားများသည် စောလ--- မှ ၎င်း၏သူငယ်ချင်းနှင့်တွေ့ရန်သွားစဉ် စိုက်ခင်းတစ်ခုဘေး၌ ၎င်းအားနောက်ထပ်တစ်ကြိမ် ထပ်မံဖမ်းဆီးခဲ့ပါသည်။ ဤအကြိမ်တွင် စောလ--- ကို တနေးကျေးရွာအုပ်စု၊ ဂဃ---ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သော စောရ---နှင့်အတူ ချုပ်နှောင်ထားခဲ့ပါသည်။ စောလ--- အားချုပ်နှောင်ပြီးနောက် SAC တပ်ကြပ်ကြီးမှာ ၎င်း၏စစ်သားများကိုဓားပေးခဲ့ပြီး နှိပ်စက်ခိုင်းခဲ့ပါသည်။ အဆိုပါစစ်သားများမှ စောလ---ကို ရိုက်နှက်ကန်ကြောက်ပြီးသည့်နောက် ၎င်း၏မျက်လုံးကိုထုတ်ပစ်ပြီး နားရွက်ကိုဖြတ်ပစ်ခဲ့ပါသည်။ SAC စစ်သားများမှ ၎င်းအားပြောသည်မှာ *“အရင်တခေါက်အဖမ်းခံရတုန်းက ငါတို့ပိုက်ဆံကိုယူပြီးထွက်ပြေးသွားတယ်။ မင်းတို့တွေထွက်သွားပြီးတဲ့နောက်မှာ ငါတို့ကိုတိုက်ခိုက်ခဲ့တယ်။ အခုလည်း ငါတို့ကိုမင်းလာချောင်းပြန်ပြီး။”* စောလ---၏ မျက်လုံးကိုထုတ်ပစ်သည့်အချိန်နှင့် နားရွက်ကိုဖြတ်ပစ်သည့်အချိန်တွင် SAC စစ်သားများမှ ၎င်းအား *“ငါတို့ကိုလာချောင်းတဲ့မျက်လုံးနဲ့ ခိုးနားထောင်တဲ့နားရွက်”* ဟုပြောဆိုခဲ့ပါသည်။ SAC စစ်သားများမှ စောလ--- အား ညှဉ်းပမ်းနှိပ်စက်သည့်အချိန်တွင် စောရ--- ထွက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။ စောရ--- ထွက်ပြေးလွတ်မြောက်လာပြီးနောက် ဂဃ---ကျေးရွာရှိရွာသားများအား စောလ--- ၏ဖြစ်ကြောင်းကုန်စင်နှင့်ပတ်သက်၍ ပြောပြခဲ့ပါသည်။ ထို့နောက်ရွာသားများမှ စောလ---ကို မဲပရီးခီးစခန်းအနီးတွင် သွားရောက်ရှာဖွေခဲ့ကြပါသည်။ ထိုတွင်ရှိသော SAC စစ်သားများမှ KNLA နှင့် ဖြစ်ပွားသောတိုက်ပွဲအတွင်း စောလ---အသတ်ခံရနိုင်ချေရှိကြောင်းပြောခဲ့ပြီး နောက်ထပ်မည်သည့် အချက်အလက်ကိုမှ မပေးတော့ပါ။ ထိုအချိန်မှစ၍ ၎င်း၏မိသားစုအပါအဝင် မည်သူကမျှ စောလ--- ၏ သတင်းကိုမရရှိကြတော့ပါ။ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ တနေးကျေးရွာအုပ်စု၊ ဂဃ---ကျေးရွာရှိ နော်ဟ---မှ တူဖြစ်သူဖမ်းဆီးခံရပြီးသည့် နောက်ပိုင်းအခြေအနေကို ဤကဲ့သို့ပြန်လည် ပြောပြခဲ့ပါသည်။ *“ကိုယ့်တူလေးဆိုတော့ နှမြောတာပေါ့။ သူ့ကိုလည်း သနားတယ်။ သူ့အမေဆိုရင် စားဝတ်နေရေးအတွက် အခက်ကြုံနေရတယ်။ သူ့အမေဆိုရင်ရူးမတတ်လောက်အောင်ပဲ။ သူကိုပြောရင်လည်း ဘာမှမသိတော့ဘူး။”* နော်ဟ---မှ ဆက်ပြောသည်မှာ *“ငါ့သားရှိရင် ပိုက်ဆံအမြဲတမ်းသုံးရတယ်လို့ သူ့အမေကပြောတယ်။ သူ့သားမရှိတော့ ပိုက်ဆံမသုံးရတော့ဘူးလို့ပြောတယ်။”* စောလ--- သည် တစ်ဦးတည်းသောသားဖြစ်ပြီး မိခင်ဖြစ်သူအနေဖြင့် အသက်မွေးဝမ်းကျောင်းအတွက် သားဖြစ်သူကို မှီခိုအားထားနေရသောကြောင့် ၎င်းအားဆုံးရှုံးလိုက်ရခြင်းသည် ကြီးမားသောဆုံးရှုံးမှုဖြစ်စေခဲ့ပါသည်။

ရွာသားများသည် SAC ၏အဓမ္မဖမ်းဆီးမှုကိုရှောင်ရှားနိုင်ရန် မည်ကဲ့သို့လုပ်ဆောင်သည်နှင့်ပတ်သက်၍မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ တနေးကျေးရွာအုပ်စု၊ ဂဃ---ကျေးရွာရှိ နော်ဟ--- မှ *“အခုဆိုရင် ဘယ်ကိုမှ မသွားရဲတော့ဘူး။ ဗမာ [SAC စစ်သားတွေကို] လို့ ကြားလိုက်တာနဲ့ မသွားရဲတော့ဘူး။ သူတို့တွေက တက်လာတာလား၊ ပြန်ဆင်းသွားတာလားမသိဘူး။”* ဟုပြောပြခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ မနက်(၇း၀၀)နာရီခန့်တွင် ခလယ်လွိထူခရိုင်၊ မူး(မုန်း)မြို့နယ်၊ လက်တက်ကြီးကျေးရွာအုပ်စု၊ ဂင---ကျေးရွာတွင်နေထိုင်သည့် အသက်(၂၄)နှစ်ရှိ စောအ---မှ ညောင်လေးပင်မြို့ရှိ ဦးလေးမိသားစုကို ဆိုင်ကယ်ဖြင့်သွားကြိုစဉ် တောကျွင်းအင်းမြို့အဝင်ဝတွင် စောအ--- ကို SAC စစ်သား (တပ်ရင်းအမည်မသိ) ၄ ဦးမှဖမ်းဆီးခဲ့ပါသည်။ အဆိုပါ SAC ၏စစ်သားများသည် ညောင်လေးပင်ခရိုင်၊ ပင်းဇလုပ်မြို့မှဖြစ်ကြကာ တောကျွင်းအင်းမြို့အဝင်ဝတွင် စစ်ဆေးမေးမြန်းမှုကို ပြုလုပ်ကြပါသည်။ အဆိုပါစစ်သားများအားတွေ့သည့်အချိန်တွင် စောအ---မှ မသွားရန်ဆုံးဖြတ်ထားသော်လည်း ၎င်းကို သေနတ်နဲ့ချိန်ထားသဖြင့် သွားခဲ့ကြရပါသည်။ ထိုတွင် အဆိုပါ SAC စစ်သားများမှ စောအ---၏ဖုန်းကို စစ်ဆေးကြည့်ရာ ၎င်း၏ဖုန်းထဲတွင် နှစ်သစ်ကူးမှ KNLA စစ်သားများနှင့် တွဲရိုက်ထားသည့်ပုံများကိုတွေ့ရှိသဖြင့် PDF စစ်သားဖြစ်ကြောင်း စွပ်စွဲဖမ်းဆီးခဲ့ကြပါသည်။ စောအ--- မှ *“ကျွန်တော်စိုးရိမ်ပြီး ကြောက်ခဲ့တယ်။ ကျွန်တော်မှာ ကြောက်ရွံ့မှုရှိပေမဲ့ အားတင်းထားခဲ့တယ်။ ဘုရားလမ်းညွှန်မှုရရှိဖို့ ကျွန်တော်ဆုတောင်းခဲ့တယ်။ သူတို့က ကျွန်တော့်ကို စောင့်ကြည့်နေခဲ့တယ်။ ပြီးတဲ့နောက်မှာ ကျွန်တော့်ဖုန်းကိုထပ်စစ်ကြည့်တော့*

*ကျွန်တော်ဘွဲ့ယူထားတဲ့ပုံကို သွားတွေ့တယ်။ ပြီးတော့ကျွန်တော့်ကို မေးတယ်။ ဘာဘွဲ့ယူထားတာလဲ။ ဇဝံကလိဘွဲ့ယူထားတာလို့ ပြန်ဖြေလိုက်တယ်။ ပြီးတော့ ကျွန်တော့်ဖုန်းနံပါတ်ကိုတောင်းတယ်။ ကျွန်တော်ဖုန်းကိုကြည့်တော့ ဟိုအရင်တုန်းက အပျော်တမ်းရိုက်ထားတဲ့ ဓာတ်ပုံတွေကို သွားတွေ့တယ်။ နှစ်နဲ့ချီကြာသွားပြီး။ ဘယ်လိုပေါ်လာလည်းမသိဘူး။ အဲ့ဒါကိုတွေ့တော့ ကျွန်တော့်အနားကို အနီးကပ်တိုးလာတယ်။ နောက်နေ့မနက်ရောက်တော့ ဘုရားကျွန်တော်ကိုလမ်းညွှန်ပေးဖို့ ဆုတောင်းခဲ့တယ်။ ပထမဦးဆုံး ကျွန်တော် အကြံဉာဏ်ထုတ်လိုက်တယ်။ သူတို့ဆီမှာ အစာတောင်းစားလိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို အကြော်ကျွေးတယ်။ ပြီးတော့ ကျွန်တော်ထန်းလျက်စားချင်တယ်လို့သူတို့ကိုပြောလိုက်တယ်။ သွားဝယ်စရာမလိုဘူးလို့ ပြောလိုက်တယ်။ သူတို့လည်း ကျွန်တော်ကို သွားမဝယ်ပေးဘူး။ အဲလိုပဲ လှမ်းမှာပေးလိုက်တယ်။ ငွေလိုရင်ပြောလို့ သူတို့ကိုကျွန်တော်ပြောလိုက်တယ်။ သုံးကြိမ်မြောက်မှာ အပေ့ါသွားဖို့အတွက် သူတို့ကို ခွင့်တောင်းလိုက်တယ်။ သူတို့က ကျွန်တော့်ကိုသွားခွင့်မပြုဘူး။ ကျွန်တော့်ဆိုင်ကယ်ထားတဲ့ နေရာမှာပဲ အပေ့ါသွားဖို့ခွင့်ပြုတယ်။ ကျွန်တော့်ကိုမထခိုင်းဘူး။ ပြီးတဲ့နောက် မြန်မာအမျိုးသမီးတစ်ဦး ကျွန်တော့်လိုပဲ ဖမ်းဆီးခံရတာကိုတွေ့တယ်။ ဒါနဲ့ လေးကြိမ်မြောက်မှာတော့ ရေတောင်းသောက်လိုက်တယ်။ အဲ့ဒီအမျိုးသမီးဆီမှာ ရေတောင်းသောက်လိုက်တယ်။ ဒါနဲ့သူက ဟိုအိမ်မှာရေသွားသောက်တယ်လို့ ကျွန်တော့်ကိုပြောလိုက်တယ်။ ပြီးတော့ သူ့ကို (SAC စစ်သားကို) 'အကို ရေသွားသောက်ချင်တယ်' လို့ခွင့်တောင်းလိုက်တယ်။ 'အေး သွားသောက်' လို့ကျွန်တော့်ကိုခွင့်ပြုလိုက်တယ်။ ပြီးတော့ အဲ့ဒီအရှေ့လေးကအိမ်မှာ ကျွန်တော်သွားလိုက်တယ်။ ရေသွားသောက်နေရင်း ကျွန်တော့်အတွေးထဲမှာပေါ်လာတာက ဘုရားကကျွန်တော့်အတွက် လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးနေတယ်။ ရေသောက်တဲ့အချိန်မှာ အိမ်ရှင်က အိမ်ထဲကနေထွက်လာတယ်။ 'သား၊ ရေနွေးသောက်။ ရေနွေးပူပူလေးရှိတယ်' လို့ပြောတယ်။ ဘုရားက ကျွန်တော့်အတွက် ပြင်ဆင်ပေးတာကိုတွေ့တယ်။ ဒါနဲ့ အိမ်သာဘယ်မှာလဲလို့ အိမ်ရှင်အဒေါ်ကိုမေးလိုက်တယ်။ ဒါနဲ့ကျွန်တော့်ကို အိမ်သာရှိတဲ့နေရာလိုက်ပြတယ်။ အိမ်သာက သူတို့ (SAC) ရှိတဲ့နေရာနဲ့အလှမ်းတော့ဝေးတယ်။ ဒါနဲ့ ဘုရားပြင်ဆင်ပေးတာပဲလို့တွေးပြီး ခြံစည်းရိုးကျော်ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တယ်။ ပြီးတော့ ကျွန်တော်ဖိနပ်ချွတ် ပုဆိုးကိုကွင်းသိုင်းလိုက်ပြီး ထွက်ပြေးတယ်။ ကျွန်တော်ထွက်ပြေးပြီးခဏနေတော့ သူတို့ ကျွန်တော့်ကိုလှမ်းခေါ်တယ်။ တခဏအတွင်းမှာ ကျွန်တော်အလှမ်းနန့်နဲ့ဝေဝေးထွက်ပြေးလာခဲ့တော့ ကျွန်တော့်ကို လှမ်းပစ်လို့မရောက်တော့ဘူး။ သူတို့လည်း ကျွန်တော့်ကို ဘယ်သူဘယ်ဝါဆိုပြီးကြောက်တာလို့လည်း ကျွန်တော်ထင်တယ်။ ဒါနဲ့ကျွန်တော်ထွက်ပြေးလွတ်မြောက်သွားတယ်။"* ဟု ၎င်း၏အတွေ့အကြုံအားပြန် လည်ပြောပြခဲ့ပါသည်။ စောအ–––အနေဖြင့် အသက်ဘေးမှ ရှန်းကန်လွတ်မြောက်နိုင်ခဲ့သော်လည်း ၎င်း၏ဖုန်းနှင့်ဆိုင်ကယ်မှာ SAC ၏ လက်ထဲတွင် ကျန်ရစ်ခဲ့ပါသည်။

**လူသားဒိုင်း၊ ပေါ်တာနှင့် လမ်းပြအဖြစ် ရွာသားများအသုံးခံရချိန် SAC နှင့် လက်နက်ကိုင်တပ်ဖွဲ့၏ အတင်းအဓမ္မဖမ်းဆီးနှိပ်စက်ခံရခြင်း**

မြန်မာပြည်အရှေ့တောင်ပိုင်း စစ်မက်ဖြစ်ပွားမှုပြင်းထန်ချိန်အတွင်း SAC စစ်သားများမှ ရွာသားများအား လူသားဒိုင်းအဖြစ်၊ ပေါ်တာအဖြစ်နှင့် လမ်းပြအဖြစ် ပစ်မှတ်ထားအဓမ္မဖမ်းဆီးလေ့ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်လည်း ဒူးပလာယာခရိုင်၊ ကော်တရိမြို့နယ်၊ မယ့်နော့အာကျေးရွာအုပ်စု၊ ဂစ––– ကျေးရွာရှိ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦးအား လူသားဒိုင်းအဖြစ်အသုံးပြုရန် တပ်မအမှတ်(၄၄)မှ SAC စစ်သားများမှ ဖမ်းဆီးခဲ့ပါသည်။ SAC စစ်သားများမှ အဆိုပါရွာသားများကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားသည့်အချိန်တွင် ၎င်းတို့ထဲမှ လူငယ်အမျိုးသား (၁) ဦးကို မျက်နှာတွင်ထိုးကြိတ်ခဲ့ပါသည်။ SAC စစ်သားများမှ စစ်ချီတက်စဉ် KNLA စစ်သားများနှင့် ပက်ပင်းတိုးခဲ့ပြီး ၎င်းတို့ကြား ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပါသည်။ ထိုကဲ့သို့ ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားသည့်အချိန်တွင် ကျန်အမျိုးသားရွာသား(၂) ဦးမှ တစ်ဦးသည်ကျောဖက်တွင် ဒဏ်ရာရရှိခဲ့ပြီး အခြား(၁) ဦးမှာ ဦးခေါင်းနောက်ဖက်တွင် ဒဏ်ရာအနည်းငယ်ရရှိသွားခဲ့ပါသည်။ SAC စစ်သားများသည် အဆိုပါရွာသားများ ပစ်ခတ်တိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိပြီးနောက်မှသာ ၎င်းတို့အားပြန် လည်လွှတ်ပေးခဲ့ပါသည်။

ရွာသားများသည် SAC စစ်သားများ၏လမ်းပြအဖြစ်ခိုင်းစေခံရသည့်အချိန်တွင်လည်း ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံရကြပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်လာလ ၁၂ ရက်နေ့ မနက် ၉ နာရီဝန်းကျင်ခန့်တွင် သံတောင်ကြီးမြောက်ပိုင်းအထူးဒေသ၊ ပိတောက်ကုန်းကျေးရွာအုပ်စု၊ ဂဆ–––ကျေးရွာအပြင်ဖက်တွင် SAC စစ်သားများနှင့် ဒေသခံတော်လှန်တပ်ဖွဲ့တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ၎င်းတို့ကြား တိုက်ပွဲ ၁၅ မိနစ်ကြာဖြစ်ပွားပြီးသည့်နောက် SAC စစ်သားများမှ ဂဆ–––ကျေးရွာရှိ ရွာသား (၂) ဦးကိုဖမ်းဆီးခဲ့ပါသည်။ ထို့နောက် SAC စစ်သားများသည် ၎င်းတို့ နေပြည်တော်ကောင်စီနယ်မြေရှိရာရေတာရှည်မြို့သို့ပြန်သွားရာလမ်းတွင် အဆိုပါရွာသား(၂)ဦးကို ၎င်းတို့၏လမ်းပြအဖြစ် လမ်းတစ်ဝက်အထိ ခေါ်ဆောင်သွားခဲ့ပါသည်။ ထိုရွာသား(၂)ဦးကို လမ်းပြအဖြစ်ခေါ်ဆောင်သွားစဉ် ၎င်းတို့အား ဝါးရင်းဒုတ်နှင့် သေနတ်ဒင်တို့ဖြင့် ၎င်းတို့၏ဖင်ကို ရိုက်နှက်နှိပ်စက်ခဲ့ပြီးနောက်မှသာ ပြန်လွှတ်ပေးခဲ့ပါသည်။ ထို့ကြောင့် ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များနှင့် SAC တို့အကြား တိုက်ပွဲများဖြစ်ပွားတိုင်း SAC စစ်သားများ ရွာထဲသို့ဝင်ရောက်ကာ ရွာသားများအားဖမ်းဆီးမည်ကို အမြဲတစေကြောက်ရွံ့နေကြရပါသည်။

ထို့နည်းတူစွာ ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)များသည်လည်း ရွာသားများကို ၎င်းတို့၏လမ်းပြအဖြစ် အတင်းအဓမ္မခေါ်ဆောင်သည့်အချိန်တွင်ထိုးကြိတ်ရိုက်နှက်ခြင်းများလည်းရှိပါသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်(KNLA) တပ်မဟာအမှတ်(၂)လက်အောက်ရှိ တပ်ရင်းအမှတ် (၅) မှ PDF စစ်သား(၃)ဦးသည် ဂည––– ကျေးရွာအပြင်ဖက်တွင် ရွာသား (၆)ဦးနှင့် ထိပ်တိုက်တွေ့ကာ ဒေးလိုမူနူကျေးရွာအုပ်စု၊ ဂည––– ကျေးရွာရှိရွာသားဖြစ်သော စောဇ––– အပါအဝင် ရွာသား (၆) ဦးကို လမ်းပြအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ အဆိုပါ PDF စစ်သား (၃) ဦးသည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ သံတောင်မြို့မှဖြစ်ကြပြီး အဆိုပါရွာသား (၆) ဦးကို ထောတထူမြို့နယ်၊ ဂတ––– ကျေးရွာရှိ SAC ၏ထောင်ဌာနရှိရာသို့သွားရန် လမ်းပြအဖြစ်ခိုင်းစေခဲ့ခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် PDF စစ်သားများသည် အရက်မူးနေခဲ့ပါသည်။ ထို့ကဲ့သို့ လမ်းပြအဖြစ်ဖမ်းဆီးခေါ်ဆောင်သည့်အချိန်တွင် အဆိုပါရွာသား (၆) ဦးသည် ကြောက်ရွံ့ခဲ့သဖြင့်ငြင်းဆိုခဲ့ပါသည်။ ထိုကဲ့သို့ငြင်းဆိုခြင်းကြောင့် ၎င်း PDF စစ်သားထဲမှ (၁)ဦးသည် ရွာသားများကို သစ်သား

တုတ်ဖြင့်ရိုက်နှက်ခဲ့ပါသည်။ ထို့နောက် PDF စစ်သားများမှ ရွာသားများကို အခမ္မလိုက်ပို့စေခဲ့ပါသည်။ ဂည––– ကျေးရွာရှိ ဘုရားရှိခိုးကျောင်းသို့ ၎င်းတို့ရောက်သွားသည့်အချိန်တွင် PDF စစ်သားများထဲမှ(၁)ဦးသည် ရွာသားများကိုဤကဲ့သို့ပြောခဲ့ပါ သည်။ *“ငါတို့ကိုအဲ့ဒီကိုလိုက်ပို့ဖို့ကြောက်တယ်ဆိုရင် အခုကြိုက်တဲ့နေရာသွားလို့ရပြီး။”* ထို့နောက် အဆိုပါ ရွာသား (၆) ဦးသည် ဂည––– ကျေးရွာသို့ပြန်လာခဲ့ကြပြီး PDF စစ်သား(၃)ဦးသည်လည်း ခရီးဆက်နှင်သွားခဲ့ကြပါသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ခြေလျင်တပ်ရင်းအမှတ် (၁၀၄) နှင့် (၄၀၂) မှ အင်းအား (၁၀၀) ရှိSAC စစ်သားများသည် မြိတ်–ထားဝယ်ခရိုင်၊ ပေါ်လိုးဒေသ၊ ခေးတာ မှ မြိတ်–ထားဝယ်ခရိုင်၊ ပေါ်လိုးဒေသ၊ ဂထ–––သို့ရောက်သည့်အချိန်တွင် ဂထ–––ကျေးရွာရှိ ရွာသား(၂၄) ဦးကို အဓမ္မဖမ်းဆီးပြီး ၎င်းတို့၏လမ်းပြအဖြစ်နှင့် အထုပ်အပိုးနှင့်ကျည်ဆံများကိုသယ်စေခဲ့ပါသည်။ အဆိုပါ SAC စစ်သားများမှာ ဂထ––– ရွာသား (၂၄) ဦးကို ၃ ရက်ဖမ်းဆီးခဲ့ပြီးပကာရီကျေးရွာသို့ရောက်သွားသည့်အချိန်မှသာ ၎င်းတို့အားလုံးကိုပြန်လည်လွှတ်ပေးခဲ့ပါသည်။

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် SAC ၏ ရည်ရွယ်ချက်ရှိရှိ စနစ်တကျကျူးလွန်သော အဓမ္မဖမ်းဆီးညှဉ်းပမ်းနှိပ်စက်ခြင်းကြောင့် ရွာသားများအနေဖြင့် ပြင်းထန်သောဒဏ်ရာများရရှိခြင်း၊ ကြောက်ရွံ့မှုများဖြစ်စေခြင်းနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်နာကျင်မှုများရရှိစေပြီး ဒေသခံပြည်သူလူထု၏ လုံခြုံရေး၊ စားဝတ်နေရေးနှင့်သွားလာလှုပ်ရှား ခွင့်တို့ကိုလည်း ဆိုးရွားစွာထိခိုက်စေပါသည်။

---

▶▶ ▶▶ စာမျက်နှာ ၅ မှ အဆက်

ခဲ့ရသည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အချို့သောဒေသခံရွာသားများသည် ကြောက်လန့်ကြပြီး ၎င်းတို့၏တောင်ယာများနှင့် တောတောင်များထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ထို့ကြောင့် ကျောင်းသားများလည်း ကျောင်းစာ ဆက်လက်မသင်ယူနိုင်ကြတော့ပေ။ မူတြော်ခရိုင်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူများသေဆုံးခြင်း၊ ဒဏ်ရာရခြင်းများကို ကြုံတွေ့ရင်ဆိုင်ခဲ့ရသည်သာမက ကြောက်ရွံ့သောကြောင့် တောတောင်များနှင့် အခြားသောဒေသများဆီသို့ ထွက်ပြေးပုန်းရှောင်ခဲ့ရသည်။ ထို့ကြောင့် ကျေးလက်ဒေသခံပြည်သူများသည် စားဝတ်နေရေး၊ နေ့စဉ်အသက်မွေးဝမ်းကြောင်းနှင့် ခရီးသွားရန်အခက်အခဲများစွာကို ကြုံတွေ့ရပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ဗမာစစ်တပ်မှ လူသောမြို့နယ်အတွင်းသို့ လေကြောင်းဖြင့် နှစ်ကြိမ် တိုက်ခိုက်ခဲ့သည်။ ပထမဆုံးတစ်ကြိမ်ကို နေ့လည် ၁၂း၂၈ မိနစ်အချိန်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ဗုံးများသည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ခေးပူအုပ်စု၊ ခသ–––ကျေးရွာတွင်နေထိုင်သော စောပ––– ၏ နေအိမ်ပေါ်သို့ ကျရောက်ခဲ့ပါသည်။ ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်မှုကို နေ့လည် ၁၂း၃၀ မိနစ်အချိန်တွင် ထပ်မံပြုလုပ်ခဲ့ပြီး စုစုပေါင်း ဗုံးနှစ်လုံးကြဲချခဲ့ရာ ရွာသားတစ်ဦးဖြစ်သည့် နော၈––– ၏ကြောရိုးအား ထိမှန်ခဲ့သည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် သူမအနေနှင့် ဒဏ်ရာအပြင်းအထန်ရရှိခဲ့ခြင်းမရှိပဲ ဆေးကုသမှုကိုခံယူပြီးပြီဖြစ်သည်။ ဗမာစစ်တပ်၏ ဤလေကြောင်းတိုက်ခိုက်မှုသည် ၎င်းတို့၏ရန်သူများကို တိုက်ခိုက်ခြင်းမဟုတ်ပဲ ပြည်သူ့နေထိုင်ရာဒေသများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဗမာစစ်တပ်အနေဖြင့် လေယာဉ်အသုံးပြု၍ ပြည်သူများနေထိုင်ရာနေရာများသို့ ပစ်မှတ်ထားတိုက်ခိုက်နေရသည့်အကြောင်းအရင်းကို ပြည်သူများအနေဖြင့် မသိရှိကြပါ။

## ဒူးပလာယာခရိုင်

ဤခြောက်လတာကာလတွင် ဒူးပလာယာခရိုင်အတွင်း SAC သည် လေယာဉ်ဖြင့် စုစုပေါင်း(၁၈)ကြိမ် တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် အရပ်သားပြည်သူများ၏ နေအိမ် အလုံး (၃၀)၊ ဘုရားကျောင်း (၂)ကျောင်း၊ ဘုန်းကြီးကျောင်း (၁) ကျောင်းနှင့် စာသင်ကျောင်း (၁)ကျောင်း ထိခိုက်ပျက်စီးခဲ့ရပြီး လူ(၃)ဦး သေဆုံးခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် SAC မှ နို့တကောမြို့နယ်၊ မော်ကျေးရွာအုပ်စု နှင့် ဆိပ်ကြီးကျေးရွာအုပ်စုအတွင်းသို့ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့် နို့တကောမြို့နယ်၊ မော်ကျေးရွာအုပ်စုရှိ ဘုရာရှိခိုးကျောင်း (၁) ကျောင်း ပြိုကျပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုနည်းတူ နို့တကောမြို့နယ်၊ ဆိပ်ကြီးအုပ်စုမှ ရွာသား(၃)ဦးသေဆုံးပြီး (၆) ဦး ဒဏ်ရာရရှိ၍ မုဒုံဆေးရုံသို့ပို့ဆောင်ပေးခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် SAC သည် လေကြောင်းဖြင့် ဗုံးသုံးလုံးကြဲချခဲ့ရာ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ နို့ဖထောအုပ်စု၊ ခအ–––ကျေးရွာတွင် ပေါက်ကွဲခဲ့သောကြောင့် အမည်မသိ ကျောင်းသားငယ်(၁)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိုလေကြောင်း တိုက်ခိုက်မှုကြောင့် ခအ––– ရွာသားများသည် ထွက်ပြေးတိမ်း ရှောင်ကြရသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် SAC သည် လေကြောင်းဖြင့် ကော့ကရိတ်မြို့နယ်၊ ပိုးရေးကျေးရွာအုပ်စု၊ ခဟ–––ကျေးရွာကိုတိုက်ခိုက်သောကြောင့် အသက် ၁၈ နှစ်အရွယ် ရွာသားတစ်ဦး သေဆုံးခဲ့ရသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက် နံနက်အာရုံဦး ၂ နာရီအချိန်တွင် SAC သည် ဒူးပလာယာခရိုင်၊ ကျုံဒိုးမြို့နယ်၊ မဲ့သက်အုပ်စု၊ ခဧ–––ကျေး ရွာအတွင်းသို့ စစ်ပွဲဖြစ်ပွားခြင်းမရှိပဲ အကြောင်းမဲ့ ပေါင် ၅၀၀ အလေးချိန်ရှိ ဗုံးသီး(၂)လုံး ကြဲချခဲ့သည်။ ထိုဗုံးသည် ဘုန်းကြီးကျောင်းဝင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုကြဲချခဲ့သော ဗုံးဆံ၏အစများသည် ဦးဇင်း ဦးဘ–––၏ နောက်ကျောနှင့်ဝမ်းဗိုက်ကိုထိကာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ဦးဇင်းသည် ခဧ–––ကျေးရွာ နယ်မြေခံရဟန်းမဟုတ်ပဲ ဘာသာရေးခလေ့အစဉ်အလာအရ ကထိန်ကာလဖြစ်သောကြောင့် အလည်လာခဲ့သော ဘုန်းကြီးတစ်ပါးဖြစ်သည်။ SAC သည် ဘာသာရေးအဆောက်အဦးများအား လေကြောင်းဖြင့်တိုက်ခိုက်မှုများပြုလုပ်သောကြောင့် စစ်ဘေးရှောင်များသည် ဘုန်းကြီးကျောင်း၌ စစ်ဘေးခိုကြရန် မဝံ့ရဲကြတော့ပါ။

# ၂၀၁၀ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသုံးပြုမည့် စစ်ကောင်စီ၏ ကြေညာချက်

အာဏာသိမ်းစစ်တပ်မှ ၂၀၁၀ ခုနှစ် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင်အသုံးပြုမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ထိုစစ်မှုထမ်းဥပဒေတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်ကြားရှိ အမျိုးသားများနှင့် အသက် ၁၈ နှစ်မှ ၂၇ နှစ်ကြား အရွယ်ရှိအမျိုးသမီးများသည် မြန်မာ့တပ်မတော်တွင် ၂ နှစ်ကြာ စစ်မှုထမ်းရမည်ဖြစ်သည်။ ထိုဥပဒေတွင် နည်းပညာပိုင်း သို့မဟုတ် နယ်ပယ်တစ်ခုခုတွင် ကျွမ်းကျင်မှုရှိသူ အမျိုးသားများသည် အသက် ၄၅ နှစ်အရွယ်အထိနှင့် အမျိုးသမီးများသည် အသက် ၃၅ နှစ်အထိ အကျုံးဝင်ပြီး ၃ နှစ်အထိစစ်မှုထမ်းရမည်ဟု သက်တမ်းတိုးမြှင့်သတ်မှတ်ထားပါသည်။ နိုင်ငံတော်တွင်အရေးပေါ်အခြေအနေဖြစ်ပေါ်လျှင် ပြည်သူ့စစ်မှုထမ်းရန်ကာလကို (၅)နှစ်အထိ တိုးမြှင့်သတ်မှတ်နိုင်သည်ဟု ထိုထုတ်ပြန်ကြေညာချက်တွင် ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သတ်မှတ်ထားသော အသက်အရွယ်များနှင့် ပညာအရည်အချင်းများအတွင်း ဘောင်ဝင်သူ (သို့မဟုတ်) ပြည့်မီသူအယောက်စီတိုင်းကို စစ်မှုထမ်းမိန့်ပေးခဲ့ပြီး တစ်နှစ်လျှင် အမျိုးသားနှင့် အမျိုးသမီးလူငယ်လူရွယ် ၆၀,၀၀၀ အထိ စစ်မှုထမ်းခိုင်းစေမည်ဖြစ်သည်။

SAC မှ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ သီးခြားထုတ်ပြန်ကြေညာချက်တစ်ခုတွင်မှာလည်း စစ်မှုထမ်းခြင်းဥပဒေလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ကျော်လွန်ပြီးမှသာလျှင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ သို့သော်လည်း ဒေသအတွင်းရှိ လက်တွေ့အခြေအနေများသည် ထိုကြေညာချက်နှင့် ကွဲပြားခြားနားနေပါသည်။ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသားများသည် SAC တပ်သားများမှ အရပ်သားများအား အတင်းအဓမ္မစစ်သားစုဆောင်းခြင်းဖြစ်ရပ်နှင့်ပတ်သက်သည့် အစီရင်ခံစာများကို KHRG မှ ရရှိခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့၊ နံနက် ၇ နာရီဝန်းကျင်ခန့်တွင် ခြေမြန်တပ်ရင်း (ခမရ) အမှတ်(၄၀၁)မှ SAC တပ်သားများသည် စစ်သားစုဆောင်းရန်အတွက် ဘိတ်–ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာသို့ ဝင်ရောက်ခဲ့ကြောင်း ဒေသခံရွာသားများမှ တင်ပြထားကြပါသည်။ ရွာသားအများအပြား ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့ကြသော်လည်း SAC ၏ အိမ် ထောင်စုစာရင်းတွင် နာမည်ရှိသည့် အခြားသူများ မည်သည့်နေရာတွင်ရှိကြောင်းကို SAC တပ်သားများက ကျန်ရှိနေသော ရွာသားများအား မေးမြန်းခဲ့ကြသေးပါသည်။ ရွာအတွင်းသို့ ဝင်ရောက်ခဲ့သော SAC တပ်သားများမှ ရွာသားတစ်ဦး၏ ခြေထောက်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ရွာအတွင်းကျန်ရစ်ခဲ့သော ရွာသားများသည်လည်း ကြောက်ရွံ့သဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါသည်။ ရွာသားအချို့သည် မြစ်ချောင်းနား၊ လယ်တဲ သို့မဟုတ် ထိုင်းနိုင်ငံနယ်စပ်ဘက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ အနီးအနားရှိ ကျေးရွာများမှ ရွာသားများမှာလည်း SAC တပ်သားများ၏ ပြင်းထန်သော တိုက်ခိုက်မှုများကို ကြောက်ရွံ့သဖြင့် အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဒေသခံရွာသားတစ်ဦးမှ *"ရွာသားများသည် မျှော်လင့်ချက်မဲ့သည်ဟု ခံစားရခြင်းနှင့် လွတ်လပ်မှုမရှိသောလှောင်အိမ်ထဲ၌ ပိတ်မိနေသည်ဟုခံစားရ"* ကြောင်း တင်ပြခဲ့ပါသည်။

SAC တပ်ဖွဲ့များသည် ဖေဖော်ဝါရီလတွင် ပြည်သူ့စစ်မှုထမ်းဥပဒေမပြဋ္ဌာန်းမီအချိန်ကတည်းကပင် အဓမ္မစစ်သားစုဆောင်းခြင်းကို ပြုလုပ်ကြကြောင်း ရွာသားများတင်ပြခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ SAC အာဏာပိုင်များသည် တောအူး(တောင်ငူ)ခရိုင်၊ ထောတထူ(ထန်းတပင်)မြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုအတွင်းရှိ SAC မှခန့်အပ်ထားသော ကျေးရွာလူကြီးများ၊ အခြားကျေးရွာအာဏာပိုင်များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့တပ်မတော်တွင် စစ်မှုထမ်းရန်အတွက် ၎င်းတို့အား အိမ်ထောင်စုဆယ်စုလျှင် ရွာသားတစ်ဦး စစ်မှုထမ်းဆောင်စေရန် အမိန့်ပေးခဲ့ပြီးနောက် ရွာသား (၁၂၀) ဦးကို စုဆောင်းနိုင်ခဲ့သည်။ အနည်းဆုံးကျေးရွာ (၄) ရွာမှ ရွာသားများအားလုံးကို ဘုန်းကြီးကျောင်းများတွင် စုဝေးစေခဲ့ပြီး မဲနှိုက်နာမည်ပါသောသူများကို ၎င်းတို့၏စစ်ကားများဖြင့် ခေါ်ဆောင်သွားခဲ့ပါသည်။ စစ်သားစုဆောင်းရာတွင် မပါဝင်သေးသည့် ကျန်ရှိနေသေးသော စစ်မှုထမ်းဆောင်ရန် ကင်းလွတ်သည့်အိမ်ထောင်စုများအနေဖြင့် ငွေကြေးပေးဆောင်ခဲ့ရပါသည်။ ဤအဓမ္မစစ်သား စုဆောင်းခြင်းကို ကြောက်ရွံ့ကြသဖြင့် အနီးအနားရှိ အခြားကျေးရွာများမှ ရွာသားများသည် ရှောင်ရှားရန်အတွက် ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။

ထို့အပြင် SAC စစ်ရေးလှုပ်ရှားမှုများသည် လူသားမျိုးနွယ်၏အခြေခံမှုများကို လွန်စွာဆန့်ကျင်ဖက်ပြုနေသည့်အပြင် နိုင်ငံတကာ အခြေခံမှုအားဖြင့် မလုပ်ဆောင်သင့်ခြင်းနှင့် ဥပဒေမဲ့လုပ်ဆောင်နေခြင်းသာဖြစ်ကြောင်း KHRG နှင့် အခြားနိုင်ငံတကာ လူ့အဖွဲ့အစည်းများမှ ပြင်းထန်စွာရှုတ်ချနေပါသည်။ မြန်မာနိုင်ငံတွင် SAC မှ အရပ်သားများအား စစ်မှုထမ်းစေခြင်းသည် ရာဇဝတ်မှုဆိုင်ရာ မူဝါဒကိုကျူးလွန်ရန် ရွာသားများကို အသုံးချခြင်းပင်ဖြစ်ပြီး ဤစစ်မှုထမ်းခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားများအပေါ် ကြီးလေးသောရာဇဝတ်မှုများနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုကြီးများကျူးလွန်ရန် တွန်းပို့နေခြင်းဖြစ်ပါသည်။ ဤစစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းပြီးသည့်နောက် ကရင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝှမ်းရှိ များစွာသောလူငယ်များသည် SAC ၏ အတင်းအဓမ္မစစ်မှုထမ်းခိုင်းစေခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့၏ကျေးရွာများမှ ထိုင်းနိုင်ငံနယ်စပ်များသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြပါသည်။ UNHCR ၏ လက်စွဲစာအုပ်မှ ဖော်ပြချက်အရ စစ်မှုထမ်းဆောင်ခြင်းမှ ထွက်ပြေးခြင်း သို့မဟုတ် တိမ်းရှောင်ခြင်းများပြုလုပ်သူများသည် ဒုက္ခသည်အဖြစ်ခံယူရန်တောင်းဆိုနိုင်သည့်အခွင့်အရေးများရှိပြီး တပ်ပြေးသူများနှင့် စစ်မှုထမ်းခြင်းမှ ထွက်ပြေးတိမ်းရှောင်သူများကို အပြစ်ပေးခြင်းသည် နှိပ်စက်ညှဉ်းပန်းခြင်းမြောက်သည်ဟု ဖော်ပြထားပါသည်။ လူသားမျိုးနွယ်၏ အခြေခံမှုများကို ဆန့်ကျင် သည့် စစ်ရေးလှုပ်ရှားမှုများအတွင်း ဝင်ရောက်လိုစိတ်မရှိသော တစ်စုံတစ်ယောက်အား အပြစ်ပေးခြင်းကိုလည်း နိုင်ငံတကာအသိုင်းအဝန်းများက ရှုတ်ချထားပါသည်။ SAC တပ်များသည် ၂၀၁၀ ခုနှစ် ပြည်သူ့စစ်မှု

စာမျက်နှာ ၁၄ သို့ ▶▶ ▶▶

# ကရင်ပြည်နယ်အတွင်းရှိပညာရေးအခြေအနေ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဒေသခံရွာသားများဆက်လက်ရင်ဆိုင်နေရသော အခက်အခဲများထဲမှတစ်ခုမှာ ပညာရေးအခက်အခဲဖြစ်ပါသည်။ ဤသတင်းလွှာတွင် KHRG ၏ လုပ်ငန်းဆောင်ရွက်ရာ နယ်မြေ (၇) ခရိုင်ဖြစ်သော ဒူးသထူခရိုင်၊ တောအူးခရိုင်၊ ခလယ်လွီထူခရိုင်၊ ဘိတ်–ထားဝယ်ခရိုင်၊ မူတြော်ခရိုင်၊ ဒူးပလာယာခရိုင်နှင့် ဘားအံခရိုင်အတွင်းရှိ ပညာရေးအခြေအနေများကို ဖော်ပြသွားမည်ဖြစ်ပါသည်။ ထိုနယ်မြေ(၇)ခရိုင်အတွင်းရှိသော စာသင်ကျောင်းအမျိုးအစားများမှာ မြန်မာအစိုးရကျောင်း၊ ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာန(KECD)ကျောင်း၊ ကိုယ်ထူကိုယ်ထကျောင်း၊ ဘာသာရေးကျောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) ဖွင့်လှစ်သောကျောင်းများဖြစ်ကြသည်။ စစ်အာဏာသိမ်းပြီးနောက်တွင် အစိုးရဆရာ၊ဆရာမအချို့သည် စစ်အုပ်ချုပ်မှုကို မလိုလားသောကြောင့် အာဏာဖီဆန်ရေးပြည်သူ့လှုပ်ရှားမှု (CDM) တွင် ပါဝင်ခဲ့ကြပြီး နှုတ်ထွက်စာတင်ကာထွက်သွားကြသောကြောင့် အစိုးရကျောင်းအချို့ကို ကိုယ်ထူကိုယ်ထကျောင်း သို့မဟုတ် KECD ကျောင်းများ အစားထိုးဖွင့်လှစ်ထားပါသည်။ ခရိုင်(၇)ခုအတွင်း နိုင်ငံရေးနှင့်စစ်ရေးမငြိမ်သက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျောင်းသူ၊ကျောင်းသားများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ ကျောင်းအဆောက်အဦးများပျက်စီးခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်းများကြောင့် ကျောင်းသူ၊ကျောင်းသားများ ပညာသင်ယူရန် အခက်အခဲဖြစ်စေသည်။ တိုက်ပွဲဖြစ်ပွားရာအနီး၌ရှိသောကျောင်းများတွင် လုံခြုံမှုမရှိသောကြောင့် အချို့ကျောင်းများ ပိတ်လိုက်ရကာ အချို့ကျောင်းမှာ နှစ်ဝက်သာတက်နိုင်ပြီး အခြေနေပေါ်မူတည် ၍ပိတ်လိုက်တက်လိုက်လုပ်ရပါသည်။

## ဒူးသထူခရိုင်

ဒူးသထူခရိုင်တွင်ရှိသော စာသင်ကျောင်းအချို့မှာ မြန်မာအစိုးရကျောင်းများဖြစ်ပြီး အချို့မှာ KECD ကျောင်းများဖြစ်ကြသည်။ SAC တပ်များသည် ရပ်ရွာများသို့လက်နက်ကြီးများပုံမှန် ပစ်ခတ်လေ့ရှိသောကြောင့် ကျောင်းအဆောက်အဦးများပျက်စီးကာ ဆရာ၊ဆရာမများနှင့် ကျောင်းသူ၊ကျောင်းသားများလည်း ကျောင်းတက်ရန်မလုံခြုံသောကြောင့် ကျောင်းများပိတ်လိုက်ရသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် မြေတောင်စခန်း၌အခြေချသော SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ်– ၈ သည် လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့ရာ လက်နက်ကြီးတစ်လုံးမှာ ကျိုက်ထိုမြို့နယ်၊ ကဒေါပူကျေးနယ်၊ ဂဒ–––ကျေးရွာရှိ ဂဒ––– စာသင်ကျောင်းဝန်းတွင်ကျရောက်ပေါက်ကွဲခဲ့ပြီး ကျောင်းအဆောက်အဦး(၃)လုံး ပျက်စီးခဲ့သည်။ ထိုနည်းတူ စွာပင် သထုံမြို့နယ်၊ ကော့လယ်ကျေးနယ်၊ ဂန––– ကျေးရွာရှိ ဂန––– ကျောင်းသည် မြန်မာအစိုးရကျောင်းတစ်ကျောင်းဖြစ်ပြီး ကျေးရွာအတွင်းလက်နက်ကြီးပစ်ခတ်မှုများကြောင့် ထိုကျောင်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှစ၍ပိတ်လိုက်ရသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဂန–––ကျေးရွာ၏ဒေသခံခေါင်းဆောင်တစ်ဦးဖြစ်သူ စောကက––– မှ *“ဆရာ၊ဆရာမနဲ့ ကျောင်းသူကျောင်းသားတွေက စာသင်ဖို့မလုံခြုံတော့ဘူးလို့ ခံစားရတဲ့အတွက် ကျောင်းကိုပိတ်ရတော့မယ်။လက်နက်ကြီးအပိုင်းအစကြောင့် ကျောင်းပြတင်းပေါက်မှန် ကွဲသွားတယ်၊ ပြီးတော့ ကျောင်းအဆောက်အဦးနှစ်လုံးလည်းပျက်စီးသွားတယ်။ ကျောင်းသူကျောင်းသားတွေကလည်း အခြားနေရာတွေကို ထွက်ပြေးကြတဲ့အတွက်ကြောင့် ကျောင်းမတက်နိုင်ကြတော့ဘူး။ ရွာမှာနေဖို့တောင် လုံခြုံမှုမရှိဘူးဆိုတော့ ကျောင်းသားတွေကဘယ်လိုကျောင်းတက်ကြမှာလဲ။”* ဟုပြောပြခဲ့ပါသည်။

## တောအူးခရိုင်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဒေးလိုမူနူအုပ်စုရှိစာသင်ကျောင်းအများစုမှာ မြန်မာအစိုးရကျောင်းများ ဖြစ်ကြသည်။ ဒေးလိုမူနူအုပ်စုရှိစာသင်ကျောင်းအများစုတွင် ဆရာ၊ဆရာမများမလုံလောက်သောကြောင့် ကျောင်းဆရာ၊ဆရာမများကို ငှားရမ်းပြီးစာသင်ကြရသည်။ သို့သော်တစ်ခါတစ်ရံ လက်နက်ကြီးပေါက်ကွဲသံများကြောင့် ဆရာ၊ဆရာမများက ကျောင်းကိုမသွားရဲသကဲ့သို့ ကျောင်းသားမိဘများကလည်း ၎င်းတို့၏သားသမီးများကို ကျောင်းသို့မလွှတ်ရဲကြတော့ပါ။ ထို့အပြင် လက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ရေးလှုပ်ရှားမှုနှင့် စစ်ရေးပဋိပက္ခများကြောင့် ဒေးလိုမူနူအုပ်စုရှိ ကျောင်းအချို့ကိုပိတ်ခဲ့ရသည်။ ဥပမာအားဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်နေ့တွင် SAC တပ်သားများသည် ဒေးလိုမူနူအုပ်စုရှိကျေးရွာများသို့ ဝင်ရောက်လာကာ စစ်ရေးလှုပ်ရှားမှု များပြုလုပ်ခဲ့သောကြောင့် ဒေးလိုမူနူအုပ်စုရှိ ကယားပြုံးချောင်းမူလတန်းလွန်စာသင်ကျောင်း၊ ရှမ်းပြုံးချောင်းအရှေ့ကျေးရွာ မူလတန်းလွန်စာသင်ကျောင်း၊ ရေဆင်းကုန်းအလယ်တန်းစာသင်ကျောင်း၊ စပါးလင်ကုန်းမူလတန်းလွန်စာသင်ကျောင်းနှင့် ရှမ်းပြုံးချောင်းအရှေ့ကျေးရွာ မူလတန်းလွန်စာသင်ကျောင်းတို့ကို ကျောင်းပိတ်ချိန်မတန်သေးဘဲ ပိတ်ခဲ့ရသည်။

## ခလယ်လွီထူခရိုင်

ညောင်လေးပင်ခရိုင်၊ ဆောထိမြို့နယ်ရှိ မြို့နှင့်နီးသောကျောင်းများတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၊ အာဏာသိမ်းမှုမတိုင်ခင်အချိန်အထိ မြန်မာအစိုးရပြဌာန်းထားသော သင်ရိုးညွှန်းတမ်းကိုသာ သင်ကြားခဲ့ကြသည်။ စစ်အာဏာသိမ်းပြီးနောက် KNU ဘက်မှ မြန်မာစစ်တပ်၏လုပ်ရပ်ကိုသဘောမတူကြောင်းနှင့် သက်ဆိုင် ရာတာဝန်ရှိသူများကမြန်မာစစ်တပ်ကို ကန့်ကွက်ကြောင်းပြတ်ပြတ်သားသားကြေညာခဲ့သည့်အတွက် စစ်ကော်စီကျောင်းများကို ပိတ်ခဲ့ရသည်။ သို့သော် ကျောင်းသူကျောင်းသားများဆက်လက်ပညာဆည်းပူးနိုင်ရန်အတွက် KNU တာဝန်ရှိသူများက သမိုင်းဘာသာရပ်မှလွဲ၍ အခြားဘာသာရပ်များကိုဆက်လက်သင်ကြားရန်ခွင့်ပြုထားသည်။ တချို့ကျောင်းများ၌ KECD သင်ရိုးညွှန်းတမ်းကိုလက်ခံသင်ကြားပြီး တချို့ကျောင်းများကလည်း KECD သင်ရိုးညွှန်းတမ်းနှင့် မြန်မာအစိုးရသင်ရိုးညွှန်းတမ်းကို ပေါင်းစပ်သင်ကြားကြသည်။ ထိုကျောင်းများတွင် စာသင်ကြားပေးရန်အတွက် CDM ၌ပါဝင်လှုပ်ရှားသော ဆရာ၊ဆရာမများကိုသာ ခွင့်ပြုထားသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ဒုတိယအပတ်တွင် KECD က ကျောင်းဆရာဆရာမများအား နည်းပြသင်တန်း (TOT) သင်တန်းနှင့် သင်ရိုးဘာသာရပ်ဆိုင်ရာသင်တန်းများကို ဆောထိမြို့

နယ်ရှိ သတ်မှတ်ထားသည့် သင်တန်းပေးနေရာတစ်နေရာ၌ ပို့ချသင်ကြားခဲ့သည်။ ထို့အပြင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း စစ်ကော်စီတပ်မှ ၁၅၅ မမ၊ ၁၂၂ မမ စသော လက်နက်ကြီးများကို ခလယ်လွှီထူခရိုင်၊ လယ်ဒိုမြို့နယ်အတွင်းရှိ ကျေးရွာနှင့်ရွာသားများ၏လယ်ယာစိုက်ခင်းထဲသို့ ယမ်းသမ်းပစ်ခတ်ခြင်းကြောင့် လယ်ဒိုမြို့နယ်ရှိ ကျောင်း ၃၅ လုံး၏ ၂၀၂၃-၂၀၂၄ စာသင်နှစ်ကို ဇန်နဝါရီလဒုတိယအပတ်တွင် ပိတ်ချိန်မတန်သေးဘဲပိတ်ခဲ့ရသည်။ ထိုနည်းတူစွာပင် ကစယ်ကလားနယ်မြေရှိ ကျောင်းများ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကို ဖေဖော်ဝါရီလအတွင်း အဆုံးသတ်ရန် လယ်ဒိုမြို့နယ် ကရင်ပညာရေးနှင့်ယဉ်ကျေးမှုဌာနမှူးမှ ညွှန်ကြားခဲ့သည်။

## ဘိတ်-ထားဝယ်ခရိုင်

ဘိတ်-ထားဝယ်ခရိုင်တွင် မြန်မာအစိုးရကျောင်း၊ ကိုယ်ထူကိုယ်ထကျောင်း၊ KNU လက်အောက်ခံ KECD ကျောင်းနှင့် NUG ဖွင့်လှစ်ထားသောကျောင်းဟူ၍ ကျောင်းအမျိုးအစားလေးမျိုးရှိပါသည်။ မြန်မာအစိုးရကျောင်းများကို SAC လှုပ်ရှားသောနေရာအနီးအနား တွင်သာဖွင့်လှစ်နိုင်သည်။ အချို့ကျေးရွာများတွင် ကျေးရွာခေါင်းဆောင်များနှင့်မိဘများ စစ်အုပ်ချုပ်မှုကိုမလိုလားသောကြောင့် ကိုယ်ထူကိုယ်ထကျောင်းများဖွင့်ကြပြီး တချို့ကျေးရွာများတွင် KECD ကျောင်းများရှိသည်။ ထို့အပြင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ (IDP) နေရာများတွင် CDM လုပ်သားများပူးပေါင်း၍ NUG ကျောင်းကိုဖွင့်လှစ်ကာ တချို့လည်း အွန်လိုင်းပေါ်မှတစ်ဆင့် NUG ကျောင်းကို တက်ရောက်ကြသည်။

အစိုးရဝန်ထမ်းဆရာ၊ဆရာမအချို့သည် လုံခြုံရေးစိုးရိမ်မှုများဖြင့် ၎င်းတို့၏တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန် တွန့်ဆုတ်နေကြသောကြောင့် ကျောင်းများတွင်ဆရာ၊ဆရာမများ မလုံလောက်ပါ။ ထို့အပြင် ကျေးရွာရှိ ဆရာ၊ဆရာမများသည်လည်း ၎င်းတို့၏ စားဝတ်နေရေးအတွက် လုံလောက်သောလစာမရရှိသောကြောင့် ရာထူးမှနုတ်ထွက်၍ အခြားနိုင်ငံများတွင် အလုပ်အကိုင်ရှာဖွေကြသည်။ ဤကဲ့သို့သောအခက်အခဲအမျိုးမျိုးကြောင့် ကျောင်းမဖွင့်နိုင်သောနေရာများတွင် ကလေးအများအပြား ကျောင်းမတက်နိုင်ကြပါ။ ပညာတတ်မြောက်သူမရှိသည့်အတွက် ရွာသားများက ရပ်ရွာအတွင်းရှိစာတတ်သူ သို့မဟုတ် ပညာအရည်အချင်း အလယ်အလတ်ရှိသူကိုတာဝန်ပေးကာ သင်ကြားပို့ချနိုင်သောကြောင့် ကလေးများ၏ ပညာရေးအရည်အသွေးကိုကျဆင်းစေသည်။

## မူတြော်ခရိုင်

မူတြော်ခရိုင်၊ ဖာပွန်မြို့တွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရလက်ထက် အခြေခံပညာဦးစီးဌာန၏စာသင်ကျောင်းများမရှိတော့ဘဲ KECD စာသင်ကျောင်း သို့မဟုတ် ကိုယ်ထူကိုယ်ထစာသင်ကျောင်းများနှင့် ဘာသာရေးကျောင်းသာရှိပါသည်။ မူတြော်ခရိုင်အတွင်းရှိ ကျောင်းသူကျောင်းသားများသည် တောတောင်ထဲတွင် ကြောက်ရွံ့စွာစာသင်ကြရသည်။ တချို့ကျောင်းသားများသည် ကြောက်ရွံ့ကြပြီး ၎င်းတို့၏မိဘများကလည်း စိုးရိမ်ကြသောကြောင့် ကျောင်းမှနုတ်ထွက်သွားကြသည်။ ထိုသို့တောတောင်ထဲတွင် စာသင်ရသောအခါ ကျောင်းသူကျောင်းသားများသည် ခြင်ကိုက်ခြင်းနှင့် လမ်းခရီးကြမ်းတမ်းခြင်းစသော အခက်အခဲများကို ကြုံတွေ့ရသည်။ ထို့အပြင် စစ်ကော်စီတပ်၏ လက်နက်ကြီးနှင့် လေကြောင်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကျောင်းအဆောက်အဦးများပျက်စီးကာ အချို့ကျောင်းသားများ အသက်ဆုံးရှုံးခဲ့ပြီး အခြားသောကျောင်းသူကျောင်းသားများလည်း ဒဏ်ရာရကာ လုံခြုံရေးအတွက်စိုးရိမ်ကြောက်ရွံ့မှုဖြင့် ဆက်လက်ပညာသင်ယူရသည်။ ဥပမာအားဖြင့် ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ နကိုခီးအုပ်စုအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသားအချို့သေဆုံးပြီး၊ အခြားကျောင်းသားများနှင့် ဆရာ၊ဆရာမများလည်း ထိခိုက်ဒဏ်ရာရရှိကြကာ ကျောင်းအဆောက်အဦးအချို့လည်း ပျက်စီးခဲ့သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ခ၀--- ကျောင်းမှ စောကခ--- အားဤသို့ဖော်ပြခဲ့ပါသည်။ *"ကျောင်းဆရာ၊ဆရာမနဲ့ကျောင်းသားတွေ ထိခိုက်ဒဏ်ရာရကြတယ်။ ကျောင်းသား (၂) ယောက်သေဆုံးပြီးတော့ (၁၀)ယောက်ထိခိုက်ဒဏ်ရာရကြတယ်။ အဲ့ဒီ(၁၀)ယောက်ထဲမှာ (၆)ယောက်က ကျောင်းသူကျောင်းသားတွေ။ ရွာသားတွေက ကျွန်တော်တို့ကိုယုံကြည်လို့ ကလေးကိုကျောင်းလာထားကြတာလေ။ ဒီလိုတွေဖြစ်တော့ ကျွန်တော်စိတ်ပူတယ်၊ အရမ်းလည်းစိတ်ပင်ပန်းတယ်။ ကျွန်တော်ဘာလုပ်ရမှန်း မသိတော့ဘူး။"* ထို့အပြင် သေဆုံးသွားသောကျောင်းသားတစ်ဦး၏ဖခင်ဖြစ်သူ စောကဂ--- မှ *"ကျွန်တော့်သားလေး ဒဏ်ရာရတော့ KECD ကျောင်းအုပ်က ကျွန်တော့်ကိုအကြောင်းကြားတယ်။ ကျွန်တော့်သားဆီရောက်တဲ့အခါ သူကျွန်တော့်ကို ပြောတာက ဖေဖေလေယာဉ်ပစ်ခတ်တာ သားကိုထိတယ်၊ သားသေတော့မယ်ထင်တယ်လို့သူပြောပြီးတော့ ကျွန်တော်လည်း သားအားတင်းထားနော်၊ သားမသေပါဘူးလို့နှစ်သိမ့်လိုက်တယ်။ ဆရာဝန်တွေလည်းမရှိဘူးဆိုတော့ သူ့ကိုဆေးရုံပို့ဖို့ ထမ်းသွားတဲ့လမ်းမှာဘဲ သူဆုံးသွားတယ်"* ဟုဖော်ပြထားပါသည်။ ဤသို့ SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသူ၊ရွာသားနှင့် ကျောင်းသူ၊ကျောင်းသားများ တောတောင်ထဲတွင်ထွက်ပြေးတိမ်းရှောင်ကြရပြီး ကောင်းကောင်းမွန်မွန် စာသင်ယူခွင့်မရှိတော့ပါ။

## ဒူးပလာယာခရိုင်

ဒူးပလာယာခရိုင်အတွင်းရှိကျောင်းများမှာ KECD စာသင်ကျောင်း၊ ကိုယ်ထူကိုယ်ထစာသင်ကျောင်းများ၊ ဘာသာရေးကျောင်းနှင့် အစိုးရကျောင်းများဖြစ်ကြသည်။ သို့သော် ၂၀၂၃ ခုနှစ်တွင် နိုင်ငံရေးမငြိမ်မသက်မှုနှင့် တိုက်ပွဲများကြောင့် ကျေးရွာများအတွင်း လုံခြုံမှုမရှိသဖြင့် ထိုအစိုးရကျောင်းများကိုပိတ်လိုက်ရပြီး ကိုယ်ထူကိုယ်ထကျောင်းများကို အစားထိုးဖွင့်လှစ်ကာ KECD ၏ သင်ရိုးညွှန်းတမ်းကိုအသုံးပြုသင်ကြားကြသည်။ ဥပမာအားဖြင့် နို့တကောမြို့နယ်၊ နို့တကောအုပ်စုအတွင်းရှိ တကူခီးအစိုးရအထက်တန်းကျောင်းသည် ကိုယ်ထူကိုယ်ထကျောင်းအနေဖြင့် ပြောင်းလဲရပ်တည်လာခဲ့သည်။ သို့ရာတွင် SAC ၏ ခြိမ်းခြောက်ခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းနှင့် လေကြောင်းမှတိုက်ခိုက်ခြင်းများကို အမြဲတစေ စိုးရိမ်ကြောက်ရွံ့စွာဖြင့် ကျောင်းတက်နေရသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မနက်ပိုင်းအချိန်တွင် SAC ၏ လေယာဉ်တစ်စီးသည် တိုက်ပွဲဖြစ်ပွားရာစခန်းအနီး၌ရှိသော ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ မယ်တောအုပ်စု၊ မယ်တောကျေးရွာ စာသင်ကျောင်း(၂)လုံးကို ပစ်မှတ်ထားဗုံးကြဲခဲ့ရာ အနည်းငယ်လွဲချော်သွားသောကြောင့် စာသင်ကျောင်းမှာ အနည်းငယ်သာထိခိုက်ပျက်စီးခဲ့ပါသည်။

**ဘားအံခရိုင်**

စစ်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ တိုက်ပွဲကြောင့် ကျောင်းအဆောက်အအုံ၊ ကျောင်းသူ/သားနှင့် ဆရာ/မများ ထိခိုက်ပျက်စီးဒဏ်ရာရခြင်းမရှိပါ။ သို့သော် အခြားဒေသမှတိုက်ပွဲကြောင့်ကျောင်းမတက်နိုင်သော ကျောင်းသူ၊ကျောင်းသားများသည် ဘားအံခရိုင်သို့ လာရောက်ကျောင်းတက်ကြသဖြင့် ကျောင်းသားဦးရေများ တဖြည်းဖြည်းတိုးများလာပါသည်။ တာကရယ် (ပိုင်ကျုံ) မြို့နယ် တာဝန်ရှိသူတစ်ဦးဖြစ်သူ စောကဂ--- မှ *“၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေတိုးများလာတယ်။ ဥပမာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ(၁၆၀)ရှိတယ်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာဆိုရင်တော့ နိုင်ငံရေးအခြေအနေကြောင့် ထီးထာစွေး (မြိုတ်ဝကျွန်းပေါ်) ကဲ့သို့ဝေးသောဒေသနှင့် အခြားသောခရိုင်များမှ ကျောင်းသား၊ကျောင်းသူများသည် SAC အစိုးရကျောင်းများကို မတက်လိုသောကြောင့် ဘားအံခရိုင်သို့ ပြေးလာကာ ကျောင်းသားအရေအတွက် (၂၅၀) ဦးအထိတိုးများလာသည်။ ဆယ်တန်းအောင် သောကျောင်းသူ၊ကျောင်းသားများမှာ KTTC ပညာရေးကောလိပ်၊ ကော်မူးရာကောလိပ်နှင့် ဒုက္ခသည်စခန်းရှိ ကောလိပ်များကို ဆက်တက်ရန်အခွင့်အရေးရှိပါတယ်”* ဟု ဖော်ပြခဲ့ပါသည်။

အထက်ပါဖော်ပြခဲ့သော ခရိုင် (၇) ခုအတွင်း၌ အထူးသဖြင့် နိုင်ငံရေးနှင့်စစ်ရေးမငြိမ်သက်မှု၊ SAC ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှု စသောအခက်အခဲအမျိုးမျိုးကြောင့် ကျောင်းသူ၊ကျောင်းသားအချို့မှာ အသက်ဆုံးရှုံးခဲ့ရပြီး ကျန်ရှိသောကျောင်းသူ၊ကျောင်းသားများမှာလည်း ပညာသင်ယူရာ၌ အခက်အခဲများစွာကို ရင်ဆိုင်ကြုံတွေ့ရသောကြောင့် ၎င်းတို့၏ပညာရေးလမ်းကြောင်းကို နှောင့်နှေးစေပါသည်။

▶▶ ▶▶ စာမျက်နှာ ၁၁ မှ အဆက်

ထမ်းဥပဒေပြဋ္ဌာန်းခြင်းအပါအဝင် နိုင်ငံတော်ဥပဒေဖော်ဆောင်ရန်နှင့် တရားဝင်အုပ်ချုပ်ရန်အတွက် ၎င်းတို့တွင် ပြည်သူလူထု၏ ထောက်ခံမှု၊ တရားရေးရာဆိုင်ရာအခွင့်အာဏာနှင့် နယ်မြေစိုးမိုးမှု အလုံအလောက်မရှိပါ။ ထို့အပြင် လူတစ်ဦးတစ်ယောက်ကို အတင်းအဓမ္မစစ်မှုထမ်းစေပြီး ဆောင်ရွက်ခိုင်းမည့် SAC တပ်သားများ၏ လုပ်ရပ်များသည် ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူညီချက်လေးခုမှ အပိုဒ် ၃(၁)(ဂ) နှင့်လုံးဝဆန့်ကျင်နေပါသည်။

ပြည်သူအမြောက်အများကို ရွေးချယ်ပြီး ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ အစီအစဉ်များအတွင်းသို့ ဝင်ရောက်ခိုင်းစေမည့် SAC ၏ လှုပ်ရှားမှုများနှင့် နည်းလမ်းဗျူဟာအသစ်ကို KHRG အနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ နိုင်ငံတကာခေါင်းဆောင်များနှင့် သက်ဆိုင်သူများအား မြန်မာပြည်အတွင်းရှိ ပြည်သူများကို ကာကွယ်ရန်အတွက် မြန်ဆန်သောအရေးယူမှုများ ပြုလုပ်ပေးရန် တောင်းဆိုထားပါသည်။ SAC ၏ အတင်းအဓမ္မစစ်မှုထမ်းခိုင်းစေခြင်းသည် မြန်မာတစ်ပြည်လုံးအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အပေါ် ခြိမ်းခြောက်မှုများ ဖြစ်စေသည့်အတွက် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် KHRG နှင့် အခြားအဖွဲ့အစည်းများအပါအဝင် စုစုပေါင်း(၃၉၈)ဖွဲ့တို့မှ ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်များထံသို့ အရေးယူမှုတစ်ခုခုဆောင်ရွက်ရန် အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားပို့ပေးခဲ့ကြပါသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင်လည်း KHRG တစ်ခုတည်းပင် ၂၀၁၀ ပြည့်နှစ် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အသုံးပြုမည်ဖြစ်ကြောင်း ထုတ်ပြန်သည့် SAC ၏ ကြေညာစာတမ်းကို ဆန့်ကျင်သည့် ထုတ်ပြန်ကြေညာချက်တစ်စောင် ရေးသားထုတ်ပြန်ခဲ့ပါသည်။ ထိုထုတ်ပြန်ကြေညာချက်တွင် SAC မှကျူးလွန်သော ကျယ်ပြန့်စွာဖြစ်ပေါ်နေသည့် ရက်စက်ကြမ်းကြုတ်မှုများကို ရပ်တန့်ရန်၊ နိုင်ငံတွင်းရှိ အရပ်သားများကို ကာကွယ်ရန်နှင့် သက်ဆိုင်ရာ နိုင်ငံတကာ ဥပဒေများတွင် ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးစံနှုန်းများကို လိုက်နာရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ထိရောက်သောအရေးယူမှုများ ပြုလုပ်ရာတွင် အောက်ပါအချက်များ ပါဝင်သင့်ကြောင့် တောင်းဆိုထားပါသည်။

- SAC နှင့် ၎င်းတို့၏ ဥပဒေများကိုတရားဝင်မှုပေးခြင်းအား ရှောင်ကြဉ်ရန်။
- အရပ်သားများအပေါ် SAC ၏ ရက်စက်ကြမ်းကြုတ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်လုပ်ဆောင်ရန် အထောက်အကူဖြစ်စေသော စစ်တပ်၊ စီးပွားရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပါအဝင် စစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သည့် မည်သည့်ပုံစံဖြင့်မဆို ပါဝင်ခြင်းမှ ရှောင်ကြဉ်မှုပြုရန်။
- ဆက်လက်ဖြစ်ပေါ်နေသော စုံစမ်းစစ်ဆေးမှုများနှင့် တရားရေးလုပ်ဆောင်မှုများကို ပံ့ပိုးကူညီခြင်းနှင့် စစ်ခေါင်းဆောင်များအား ၎င်းတို့၏ များပြားလှသောရာဇဝတ်မှုများအတွက် တာဝန်ယူရန် နောက်ထပ်နည်း လမ်းများရှာဖွေမှုပြုရန်။
- အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံခွင့်တောင်းနေသော နယ်စပ်ဖြတ်ကျော်သူများကို ၎င်းတို့၏အာဏာပိုင်များမှ ငြင်းပယ်ခြင်းမပြုရန်တိုက်တွန်းခြင်းနှင့် ခိုလှုံလိုသူများအတွက်အထောက်အပံ့နှင့် အကာအကွယ်ပေး ရေးဝန်ဆောင်မှုများ အားကောင်းလာစေရန် နယ်စပ်ဖြတ်ကျော်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ရန်အတွက် ၎င်းတို့ကို အားပေးတိုက်တွန်းခြင်းပြုရန်။
- အရပ်သားများကိုကူညီဆောင်ရွက်ပေးရန်အတွက် မြေပြင်နှင့် နယ်စပ်တစ်လျှောက်တွင်လှုပ်ရှားနေသည့် ဒေသခံအဖွဲ့အစည်းများအတွက် ငွေကြေးထောက်ပံ့မှုတိုးမြှင့်ပေးရန်။



# ကရင်ပြည်နယ်အတွင်းရှိ ကျန်းမာရေးအခြေအနေ

ဤသတင်းလွှာတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကရင်ပြည်နယ်ရှိ ပြည်သူလူထုများ ကြုံတွေ့ရသော ကျန်းမာရေးဆိုင်ရာပြဿနာများကို ဖော်ပြထားပါသည်။ ကရင်ပြည်နယ်ရှိ KHRG ၏လုပ်ငန်းဆောင်ရွက်ရာ နယ်မြေ(၇)ခရိုင်မှ (၅) ခရိုင်ဖြစ်သော ဒူးသထူခရိုင်၊ ခလယ်လွီထူခရိုင်၊ ဘိတ်-ထားဝယ်ခရိုင်၊ မူတြော်ခရိုင်နှင့် ဒူးပလာယာခရိုင်အတွင်းရှိ ပြည်သူလူထုများကြုံတွေ့ရသော ကျန်းမာရေးအခက်အခဲများကို ခရိုင်အလိုက်ဖော်ပြထားပါသည်။ ထိုခရိုင် (၅) ခုတွင် ကျန်းမာရေးဝန်ထမ်း၊ ဆေးခန်းနှင့် ဆေးဝါးမလုံလောက်ခြင်း၊ မြန်မာစစ်တပ်၏ အသွားအလာတားမြစ်ခြင်းကြောင့် ဆေးရုံသို့သွားရန်ခက်ခဲခြင်း၊ ဆေးကုသမှုခံယူနိုင်ရန်အတွက် ငွေကြေးအခက်အခဲများရှိခြင်း၊ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ဆေးရုံများပျက်စီးခြင်း၊ တိုက်ပွဲကြောင့် ထွက်ပြေးတိမ်း ရှောင်ရသော ရွာသားများထံ ဆေးဝါးအကူအညီမရောက်ခြင်း စသောပြဿနာများကြောင့် ပြည်သူလူထု၏ ကျန်းမာရေး အခြေအနေမှာ ဆိုးရွားလာသည်။ ဤခရိုင်(၅)ခုအတွင်း၌ ကျန်းမာရေးဆိုင်ရာ လှုပ်ရှားသောအဖွဲ့အစည်းများမှာ ကရင်ကျန်းမာရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဌာန (KDHW)၊ နယ်လှည့်ကျောပိုးအိတ်လုပ်သားအဖွဲ့ (BPHWT)၊ Shoklo Malaria Research Unit (SMRU)၊ Free Burma Ranger (FBR)၊ တစ်နိုင်တစ်ပိုင်ဆေးရုံနှင့် ဆေးခန်းများဖြစ်ကြသည်။

## ဒူးသထူခရိုင်

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် SAC သည် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတရယ်အုပ်စုရှိ ဂဖ––– ဆေးရုံအနီးတွင် လေကြောင်းတိုက်ခိုက်ခဲ့သည်။ ထိုအချိန်တွင် ဂဖ––– ဆေးရုံ၌ကုသမှုခံယူနေသော ရွာသူ၊ ရွာသားများသည် တွင်းထဲတစ်နေရာတွင် ပုန်းအောင်းနေကြရသည်။ ဤဆေးရုံ၏လုံခြုံရေးကို KNU တို့က တာဝန်ယူပြီး ဆေးဝါးများကိုမူ ဆေးရုံကသာစီစဉ်ဆောင်ရွက်ရပါသည်။ ထို့ကြောင့် ဆေးဝါးဖိုးခများကို ဆေးရုံလာတက်သောလူနာများထံ ကျသင့်သလောက်ပြန်လည်ကောက်ခံကြသည်။ သို့သော် ဆေးဝါးဖိုးခ မတတ်နိုင်သော ရွာသူ၊ ရွာသားများကိုလည်း အတင်းအဓမ္မကောက်ခံခြင်းမရှိပါ။

## ခလယ်လွီထူခရိုင်

ခလယ်လွီထူခရိုင်အတွင်းရှိ မြို့အနီး၌နေထိုင်သော ရွာသူ၊ ရွာသားများသည် လက်နက်ကြီးများကြောင့် ထိခိုက်ဒဏ်ရာရသောအခါ ဖြူးမြို့နှင့် လယ်ဒိုမြို့သို့သွား၍ ဆေးကုသမှုခံယူကြသည်။ ကျေးလက်ဒေသ၌နေထိုင်သော ရွာသူ၊ ရွာသားများမှာမူ များသောအားဖြင့် KNU စီမံခန့်ခွဲသော ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှုခံယူကြသည်။ ထို့အပြင် တောတောင်ထဲ၌ထွက်ပြေးတိမ်းရှောင်ရသော ရွာသူ၊ ရွာသားများမှာ ဆေးဝါးထောက်ပံ့မှု လုံလောက်စွာမရရှိကြပါ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃)လအတွင်း ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်ရှိ ပလောနယ်မြေတွင် ငှက်ဖျားရောဂါ၊ အဖျားတက်ခြင်း၊ ဝမ်းလျှောခြင်းနှင့် အော့အန်ခြင်းများ တိုးများလာသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများသည် ကျန်းမာရေးအခက်အခဲများ ခံစားရကြသည်။ လယ်ဒိုမြို့နယ်၊ ပလောနယ်မြေတွင် ဆေးခန်းများရှိပြီး ဆေးဝန်ထမ်းများမှာ KDHW သင်တန်းဆင်းသားများနှင့် CDM ကျန်းမာရေးဝန်ထမ်းများဖြစ်ကြသည်။ ဆေးရုံတွင်ဆေးဝါးများ မလုံလောက်သောကြောင့် ဒေသခံရွာသားများ အတွက်အခက်အခဲဖြစ်စေသည်။

## ဘိတ်-ထားဝယ်ခရိုင်

ဘိတ်-ထားဝယ်ခရိုင်အတွင်းရှိရွာသူ၊ ရွာသားများသည် မြန်မာစစ်တပ်၏ သွားလာရေးတားမြစ်ခြင်းကြောင့် အထူးသဖြင့် ဆေးရုံ၊ ဆေးခန်းမရှိသော ဒေသမှရွာသူ၊ ရွာသားများသည် အခြားနေရာများသို့သွား၍ ဆေးကုသမှုခံယူနိုင်ရန် အလွန်ခက်ခဲလှပါသည်။ ဥပမာအားဖြင့် လယ်ကဆောမြို့နယ်ရှိ ကျေးရွာအချို့များတွင် ဆေးခန်းမရှိသောကြောင့် ကျန်းမာရေးအခြေအနေမှာ အလွန်ဆိုးရွားပါသည်။ ရွာသူ၊ရွာသားများ ပြင်းထန်စွာဖျားနာပါက လေညာမြို့နှင့် ဘုတ်ပြင်းမြို့ရှိဆေးရုံသို့သွားရပြီး ဆေးကုသမှုခံယူကြသည်။ လေညာအထက်ပိုင်းနယ်မြေတွင် ဆေးဝါးစရိတ်များ သိသိသာသာတိုးမြင့်လာသဖြင့် ရွာသားအများစုမှာ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်နှင့်ပတ်သက်၍ စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ ဆေးဖိုးမတတ်နိုင်သော ရွာသူရွာသားများကို သူနာပြုများနှင့် ဆရာဝန်များက ကုသမှုပေးရန် တွန့်ဆုတ်နေကြသည်။ ထို့ကြောင့် ရွာသားများသည် ဆေးကုသမှုခံယူနိုင်ရန်အတွက် သူဌေးနှင့်ငွေတိုးချေးသမားများထံမှ ငွေချေး၍ အချို့မှာ ၎င်းတို့၏ လယ်မြေ၊ ပိုင်ဆိုင်မှုများကို ပေါင်ထားကြရသည်။ လေညာမြို့အဝင်ဝနားတွင် ခမရ ၅၅၉-၅၆၀ ခြေမြန်တပ်ရင်းစခန်းကိုဖြတ်ရသောကြောင့် စစ်ဆေးမေးမြန်းခြင်းနှင့် ပစ်ခတ်မှုဖြစ်ပွားပါက သွားရလာရအဆင်မပြေတော့ပါ။ ထို့ကြောင့် တိုက်ပွဲဖြစ်ပွားသောအချိန်တွင် ရွာသူ၊ရွာသားများ ဆေးရုံသို့သွားရန် ခက်ခဲပါသည်။ ဘုတ်ပြင်းမြို့ရှိဆေးရုံတွင် ဆေးဖိုးဝါးခကုန်ကျစရိတ်နည်းသော်လည်း အစားအစာနှင့် သွားလာရေးစရိတ်မှာ အကုန်အကျများသည်။ ထိုဘုတ်ပြင်းဆေးရုံ၌ ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံစာလိုအပ်သည့်အပြင် ဆေးကုသမှုကိုအချိန်မီရယူရန် တစ်ခါတစ်ရံ ကျေးရွာအုပ်ချုပ်ရေးမှူးပါ လိုက်သွားရသည်။

## မူတြော်ခရိုင်

မူတြော်ခရိုင်တွင် ကျန်းမာရေးဆိုင်ရာလှုပ်ရှားသော အဖွဲ့အစည်းများ


မှာ KDHW, BPHWT, SMRU, FBR တို့ ဖြစ်ကြသည်။ သွားလာရေး ခက်ခဲခြင်းနှင့် လက်နက်ကိုင်တပ်ဖွဲ့ကြား ပဋိပက္ခများကြောင့် ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာထောက်ပံ့မှုများ မလုံလောက်သောကြောင့် ရွာသူ၊ ရွာသားများဖျားနာလျှင် (သို့) လက်နက်ကြီးဖြင့် ထိခိုက်ဒဏ်ရာရလျှင် ကုသမှုခံယူနိုင်ရန် အလွန်ခက်ခဲသည်။ လူသောမြို့နယ်နှင့်ဒွယ်လိုးမြို့နယ်အတွင်း အဖြစ်များသောရောဂါများမှာ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ငှက်ဖျားရောဂါ၊ အဖျားတက်ခြင်း၊ ခြေဆစ်လက်ဆစ်နာခြင်း၊ အသဲရောင်အသားဝါရောဂါနှင့် မီးဖွားရာ၌ခက်ခဲခြင်းတို့ ဖြစ်ကြသည်ဟု ဒေသခံများဖော်ပြခဲ့ပါသည်။ ဤရောဂါခံစားရသူများသည် BPHWT ထံမှပံ့ပိုးမှုရရှိသောဆေးရုံများတွင် ကုသမှုခံယူကြပြီး ဆေးဝါးများမလုံလောက်သောအခါ ရွာသူရွာသားများကိုယ်တိုင် ဆေးဝါးဖိုးထုတ်ရသည်။ ထို့ကြောင့် အချို့ရွာသားများအတွက် ငွေကြေးအခက်အခဲဖြစ်ပေါ်စေသည်။ အောက်တိုဘာလတွင် စတင်ဖြစ်ပွားသောရောဂါတစ်ခုမှာ နာတာရှည်ကိုယ်ပူအဖျားတက်ခြင်းဖြစ်ပြီး လူသောမြို့နယ်ရှိ ကျေးရွာအများအပြားတွင် ပျံ့နှံ့ခဲ့သည်။ ဤရောဂါကို အထူးသဖြင့် ကလေးများနှင့် ကိုယ်ခံအားမကောင်းသောသက်ကြီးရွယ်အိုများ ကူးစက်ခံရလွယ်သည်။ ရွာသူ၊ ရွာသားများသည် SAC ၏ လက်နက်ကြီးပစ်ချခြင်း၊ လမ်းခရီးခက်ခဲခြင်းနှင့် မိုးတွင်းတွင်လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ဆေးဝါးပြတ်လပ်ကြသည်။ ဒွယ်လိုးမြို့နယ်အတွင်းရှိ ရွာသူ၊ ရွာသားများ ပြင်းပြင်းထန်ထန် နာမကျန်းဖြစ်လျှင် ဂဘ--- ဆေးရုံ၊ ဂမ--- ဆေးရုံနှင့် ဂယ---ဆေးရုံသို့ပို့ကြသည်။ ဆေးရုံနှင့် အလှမ်းဝေးသော ကျေးရွာများမှ လက်ကြီးရွယ်အိုများသည် လက်နက်ကြီးပစ်ချခြင်းနှင့် လမ်းခရီးခက်ခဲခြင်းကြောင့် ဆေးရုံကိုမသွားနိုင်ဘဲ သွေးတိုးရောဂါနှင့် ခြေဆစ်လက်ဆစ်နာရောဂါတို့ကို အံကြိတ်ခံစားကြရသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ နကိုခီးအုပ်စု၊ ခ၀--- ကျေးရွာအတွင်းသို့ လေကြောင်းတိုက်ခိုက်မှုကြောင့် ကျောင်းသား (၂) ဦးသေဆုံးပြီး၊ အခြားကျောင်းသား (၆) ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ သေဆုံးသွားသောကျောင်းသားတစ်ဦး၏ ဖခင်ဖြစ်သူ စောကဂ--- သည် ၎င်း၏သား လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရချိန်တွင် အသွားအလာခက်ခဲခြင်းနှင့် အရေးပေါ်ဆေးဝါးကုသပေးရန် ကျန်းမာရေးဝန်ထမ်းများမရှိသောကြောင့် ၎င်း၏သားသေဆုံးခဲ့ရသည်ကို *“ကျွန်တော်တို့တောတောင်ဒေသတွေမှာ ဆေးဝန်ထမ်းတွေတစ်ယောက်မှမရှိတဲ့အတွက်ဆေးရုံကိုထမ်းသွားတဲ့လမ်းမှာဘဲကျွန်တော့်သားလေးသေဆုံးသွားတယ်”* ဟု ပြောပြခဲ့ပါသည်။

## ဒူးပလာယာခရိုင်

ဒူးပလာယာခရိုင်အတွင်းရှိ ရွာသူ၊ရွာသားများသည် KNU လက်အောက်ရှိ ဆေးရုံ၊ဆေးခန်းများ၊ ထိုင်းနိုင်ငံနယ်စပ် ဒေသတွင်နေထိုင်သောရွာသားများ လက်နက်ကြီးများကြောင့်ဒဏ်ရာရခြင်း (သို့) ဖျားနာပါက ထိုင်းဘက်ကမ်းရှိ ဆေးရုံများတွင်ကုသမှုခံယူကြပြီး မြို့နှင့်နီးသောရွာသားများမှာ ကော်တရိမြို့၊ ကျုံဒိုးမြို့နှင့် ဘားအံမြို့များသို့ သွား၍ကုသမှုခံယူကြသည်။ မြန်မာစစ်တပ်၏အသွားအလာတားမြစ်ခြင်းနှင့် စစ်ဆေးမေးမြန်းမှုတင်းကြပ်လာခြင်းကြောင့် ဆေးဝါးများဝယ်ယူရန်နှင့် ဆေးရုံများသို့သွား၍ကုသမှုခံယူရန် ခက်ခဲသည်ဟု ဒေသခံရွာသူရွာသားများက ဖော်ပြကြပါသည်။ ကရူတူးမြို့နယ်တွင် လက်နက်ကိုင်တပ်ဖွဲ့ကြား ပဋိပက္ခများကြောင့် ဆေးဝါးများ ဈေးနှုန်းမြင့်တက်လာကာ ဆေးရုံများတွင်ဆေးဝါးလုံလောက်မှုမရှိပါ။ ကရူတူးမြို့နယ်အတွင်း၌ KNU စီမံခန့်ခွဲမှုအောက် ဆေးရုံတစ်လုံးသာရှိပါသည်။ ၎င်း၏အနီးအနားရှိ ကျေးရွာနှင့်အုပ်စုများသည် ထိုဆေးရုံကိုသာအမှီပြုကြပါသည်။ ထိုဆေးရုံတွင် လူနာများအချိန်ပြည့် လက်ခံစစ်ဆေးပေးသော်လည်း ဆေးဝါးမလုံလောက်သောအခါ ရွာသားများကိုယ်တိုင် ဆေးဝါးများကိုဝယ်ယူသောက်သုံးရသည်။ အကြောင်းမှာ မြန်မာစစ်တပ်များသည် ဆေးဝါးများသယ်ယူခွင့်မပေးသည့်အပြင် ဆေးဝါးသယ်ဆောင်သူကိုတွေ့ရှိပါက အလွန်အကျွံစစ်ဆေးမေးမြန်းမှု ပြုလုပ်သောကြောင့်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် SAC သည် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဂလ---ကျေးရွာသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခဲ့ရာ စောကင--- ၏ဒူးခေါင်းကို ထိခိုက်ခဲ့သည်။ ထိုအချိန်တွင် ဆေးကုသမှုခံယူနိုင်ရန်ခက်ခဲပုံကို ၎င်း၏ဖခင်က *“ကျွန်တော့်သား ဒဏ်ရာရတဲ့အချိန်မှာ ပထမဆုံး နို့တကောမြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဂရ--- ကျေးရွာမှာရှိတဲ့ ဂ၀---ဆေး ခန်းကို သွားပြခဲ့တယ်။ ဒါပေမဲ့လည်း အဲဒီဆေးခန်းက ကျွန်တော့်သားရဲ့ ဒဏ်ရာကို မကုသပေးနိုင်ဘူး။ အဲ့ဒါနဲ့ အဲ့ဒီဆေးခန်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကရူတူး(ကျုံဒိုး)မြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ ဂသ--- ကျေးရွာမှာရှိတဲ့ KDHW စီမန်ခံ့ခွဲတဲ့ဆေးခန်းကို ဆက်သွယ်ပေးခဲ့တယ်။ အဲ့ဒီဆေးခန်းနှစ်လုံးစလုံးမှာ လိုအပ်တဲ့ဆေးဝါးပစ္စည်းတွေနဲ့ ဆေးပညာရပ်ဆိုင်ရာကျွမ်းကျင်မှုတွေ အားနည်းတဲ့အတွက်ကျွန်တော့်သားကိုကုသလို့မရဘူး။ နောက်ဆုံးတော့ ကျွန်တော့်သားကို ကော်တရီမြို့နယ်၊ သုံးဆယ့်သုံးဆူကျေးရွာအုပ်စုရှိ ဂဟ--- ဆေးရုံကို ပို့လိုက်ရတယ်။ ဆေးကုသမှုစရိတ်နဲ့သွားလာရေးစရိတ်ကတော့ (၁၀)သိန်းလောက်ကုန်ကျတယ်”* ဟုဖော်ပြထားပါသည်။ ဤကဲ့သို့ ဆေးဝါးထောက်ပံ့မှုမလုံလောက်ခြင်း၊ ကုန်ကျစရိတ်များခြင်းနှင့် လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခြင်းကြောင့်ရွာသားအများစုမှာ ဆေးဖက်ဝင်အပင်များကို စိုက်ပျိုးကြပြီး ထိုဆေးဖက်ဝင်အပင်များကိုသာ မှီခိုသုံးစွဲကြရသည်။




ဤပုံကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၌ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတရယ်အုပ်စုရှိ ဂဖ--- ဆေးရုံတွင် ရိုက်ကူးခဲ့ပါသည်။ ပုံတွင် SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံရှိလူနာများ တွင်းထဲတွင် ခိုအောင်းနေပုံဖြစ်ပါသည်။
*(ဓာတ်ပုံ – KHRG)*

# အရပ်သားပြည်သူများ သတ်ဖြတ်ခံရမှု

အရပ်သားပြည်သူများ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ KHRG အနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း KHRG ၏ လုပ်ရှားနယ်မြေများဖြစ်သော ခရိုင် (၇) ခု အတွင်းရှိ ကွင်းဆင်းလုပ်သားများမှ ပေးပို့လာသောအချက်အလက်များအပေါ် စုစည်းအခြေခံပြီး အများပြည်သူများသိရှိနိုင်ရန် ဖော်ပြပေးလိုပါသည်။ ဖြစ်စဉ်အများစုသည် ဘိတ်-ထားဝယ်ခရိုင်မှ ပေးပို့လာသော အချက်အလက်များဖြစ်ပြီး အခြားသောဖြစ်စဉ်တစ်ခုတည်းကိုမူ မူတြော်ခရိုင်မှ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

အရပ်သားပြည်သူများ သတ်ဖြတ်ခံရမှုနှင့်ပတ်သက်၍ ဘိတ်-ထားဝယ်ခရိုင်မှ ပေးပို့လာသောဖြစ်စဉ်မှာ စုစုပေါင်း(၃)ခုရှိသည်။ ထိုအထဲမှ ပထမဖြစ်စဉ်တွင် အင်အား ၃၀ ခန့်ရှိသော SAC (စစ်ကောင်စီ) စစ်သားများသည် ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူးလားမြို့နယ်၊ ပုလောဒေသ၊ ဂအ--- ကျေးရွာအတွင်းသို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့၌ စစ်ကြောင်းထိုးဝင်ရောက်လာခဲ့သည်။ ထိုသို့ စစ်ကြောင်းထိုးဝင်ရောက်လာသော SAC တပ်သားများသည် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်များနှင့် နံနက် ၅ နာရီနှင့် ၆ နာရီအကြားတွင် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုသို့တိုက်ပွဲဖြစ်ပွားစဉ်တွင် SAC တပ်ဘက်မှ ထိခိုက်ဒဏ်ရာရရှိမှုများပြားခဲ့ပြီး နေ့လယ် ၁၂ နာရီအချိန်ထိ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ရွာသူရွာသားများအနေဖြင့် ဘေးလွတ်ရာအခြားသောကျေးရွာများနှင့် ဘုန်းကြီးကျောင်းများသို့ သွားရောက်ခိုလှုံခဲ့ကြရသည်။

သို့သော် အသက် ၂၆ နှစ်အရွယ် လယ်ယာအလုပ် လုပ်ကိုင်သည့် မောင်ကစ--- မှာမူ SAC စစ်သားများ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး ၎င်းအား SAC တပ်သားများမှ ထိုးကြိတ်ရိုက်နက်ခြင်းများ ပြုလုပ်ခဲ့ပြီးနောက် သတ်ဖြတ်ခဲ့သည်။ ထို့အပြင် အခြားသောရွာသားများကိုလည်း SAC စစ်သားများမှ ဖမ်းဆီးခဲ့ပြီး ပုလောမြို့ ရဲစခန်းသို့ ပြန်လည်ခေါ်ဆောင်သွားကာ ရက်အနည်းငယ်အကြာတွင် အချို့ကိုပြန်လွှတ်ပေး၍ အချို့ကိုမူ ဆက်လက်ထိန်းသိမ်းထားကြောင်းသိရှိရသည်။

SAC တပ်သားများသည် ပုလောဒေသတွင် အရပ်သားများအား ဖမ်းဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ နေ့စဉ်ရက်ဆက် ပြုလုပ်ခဲ့သည်။ ယခုတွင်မူ ဂအ---ကျေးရွာသားအချို့မှာ ကျေးရွာတွင်းပြန်လည်နေထိုင်မှုများရှိသော်လည်း အချို့မှာမူ ပြန်လည်နေထိုင်ရန် မဝံ့ရဲသေးသောကြောင့် နီးစပ်ရာ ၎င်းတို့၏ ဆွေမျိုးသားချင်းများနှင့် အခြားကျေးရွာများတွင် သွားရောက်နေထိုင်နေကြရကြောင်း မှတ်တမ်းများအရ သိရှိရသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် SAC စစ်သားများသည် နယ်မြေရှင်းလင်းရေးများလုပ်ဆောင်ရန်အတွက် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့၌ ဃက--- ကျေးရွာနှင့် အခြားသောကျေးရွာများသို့ စစ်ကြောင်းထိုးလာစဉ် ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုသို့တိုက်ပွဲဖြစ်ပွားစဉ်တွင် ပုလောမြို့ရှိ SAC ရေတပ်နှင့် ခလရ-၂၈၅ တပ်များသည် လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများ လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် ရွာသားများအနေဖြင့် ဘေးလွတ်ရာ အခြားသောဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

SAC စစ်သားများသည် ဃက--- ရွာနှင့် အခြားသောကျေးရွာများအား နယ်မြေရှင်းလင်းရေးလုပ်စဉ်တွင် ဃခ--- ရွာသား(၄)ဦးအား ဖမ်းဆီးခဲ့ပြီးနောက် ထိုဖမ်းဆီးခံခဲ့ရသည့်ရွာသားများအား SAC စစ်သားများမှ သတ်ဖြတ်ခဲ့သည်။ ထို့နောက် SAC စစ်သားများ ပုလောမြို့ ခလရ-၂၈၅ သို့ ပြန်သွားသည့်အချိန်မှ ထိုသတ်ဖြတ်ခြင်းခံခဲ့ရသည့် ရွာသား ၄ ဦး၏အလောင်းများအား ရွာသူရွာသားများမှတွေ့ရှိကာ မြေမြှုပ်ပေးခဲ့ကြသည်။ SAC တပ်သားများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ရွာသားများမှာ ဦးကဆ--- အသက် ၆၉ နှစ်၊ ဦးကည--- အသက် ၄၀ နှစ်၊ ဒေါ်ကတ--- အသက် ၃၇ နှစ် နှင့် ဒေါ်ကထ--- အသက် ၄၀ နှစ်တို့ဖြစ်ကြသည်။ ထိုရွာသား(၄)ဦးသည် သာမာန်အရပ်သားများဖြစ်ကြပြီး တိုက်ပွဲနှင့်လက်နက်ကြီးပစ်ခတ်မှုဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင်နိုင်ကြခြင်းမရှိပဲ SAC စစ်သားများ၏ ဖမ်းဆီးခြင်းကိုခံကြရပြီး သတ်ဖြတ်ခြင်းခံခဲ့ရသူများဖြစ်သည်။ ဃခ---ကျေးရွာသည် ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပုလောဒေသတွင် တည်ရှိသည်။

ထို့အတူ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် SAC တပ်နှင့် ပြည်သူ့စစ်ပူးပေါင်းတပ်ဖွဲ့သည် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ကလဲမှုထိဒေသ၊ ဃဂ--- ကျေးရွာသို့ဝင်ရောက်ကာ ရွာသား (၃) ဦးအား ဖမ်းဆီးခဲ့သည်။ ထို့နောက် ထိုရွာသားသုံးဦးအား SAC ပူးပေါင်းတပ်များသည် ပြည်သူ့ကာကွယ်ရေးတပ်များအားရှာဖွေရန် လမ်းပြအဖြစ် ကစယ်ဒိုမြို့နယ်၊ ကလဲမှုထိဒေသ၊ ဃဂ--- ရွာဟောင်းဘက်သို့ ခေါ်ဆောင်သွားခဲ့သည်။

SAC တပ်များ ဃဃ---ကျေးရွာ၊ ကလဲမှုထိဒေသသို့ ရောက်ရှိသည့်အချိန်တွင် တော်လှန်ရေးတပ်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့မှ တစ်ဦးကျဆုံးခဲ့သည်။ ထို့နောက် SAC စစ်သားများမှ ၎င်းတို့ဖမ်းဆီးခေါ်ဆောင်လာသည့် ရွာသားသုံးဦးအား လည်လှီး၍ ဦးခေါင်းကိုသေနတ်ဖြင့်ပစ်ခတ်ပြီး သတ်ဖြတ်ခဲ့ကြသည်။ ရွာသား ၃ ဦးအား သတ်ဖြတ်ပြီးနောက် ပျောက်ကျားအင်္ကျီများ ဝတ်ပေးခဲ့ကြသည်။ ရွာသား(၃)ဦးသည် သာမာန်အရပ်သားပြည်သူများသာဖြစ်ကြပြီး စောကဒ--- အသက်(၂၃) နှစ်သည် လူပျိုလူလွတ်ဖြစ်၍ ၎င်း၏ မိဘများအား လုပ်ကျွေးပြုစုနေသူဖြစ်သည်။ စောကန---အသက် (၂၃) နှစ်တွင်မူ ဇနီးနှင့် သားသမီး ၃ ဦး၊ စောကဖ--- အသက်(၃၆) နှစ်တွင်မူ ဇနီးနှင့်သားသမီး ၄ ဦးတို့ ကျန်ရစ်ခဲ့သည်။

SAC စစ်သားများသည် ရွာသားများအားသတ်ဖြတ်ပြီး ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၎င်းတို့ဂိတ်ထားရှိရာ ကစယ်ဒိုမြို့နယ်၊ ကလဲမှုထိဒေသ၊ ဃင---ကျေး ရွာသို့ ပြန်သွားချိန်တွင် ရွာသားများမှ ထိုအသတ်ခံခဲ့ရသည့် ရွာသား ၃ ဦး၏အလောင်းအား သွားရောက်ယူဆောင်ကြ၍ မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့ကြသည်။ SAC စစ်သားများမှ ရွာသားများအား သတ်ဖြတ်ခဲ့ခြင်းကြောင့် အခြားသောရွာသားများသည်လည်း ကြောက်ရွံ့ထိန့်လန့်နေကြပြီး ၎င်းတို့၏ နေအိမ်တွင်

စာမျက်နှာ ၂၇ သို့ ▶▶ ▶▶

# မြေမြှုပ်မိုင်းအန္တရာယ်

*"အခုချိန်မှာ SAC စစ်သားတွေဟာ ရွာသားတွေရဲ့ လယ်ယာနဲ့ စိုက်ပျိုးခြံအနီးနားမှာပဲ မြေမြှုပ်မိုင်းတွေကို ထောင်ထားကြတယ်။ ဘယ်နေရာမှာထောင်ထားလဲဆိုတာ ကျွန်တော်တို့ပြည်သူတွေ အတိအကျမသိကြဘူး။ မြေမြှုပ်မိုင်းပေါက်ကွဲမှုတွေမဖြစ်တော့ရင် အေးအေးဆေးဆေးနေထိုင်လို့ရတယ်။ SAC စစ်သားတွေက မြေမြှုပ်မိုင်း မထောင်ထားသင့်ဘူး။ သူတို့က ပြည်သူတွေကို စစ်သားလိုပဲသဘောထားတယ်။"*

ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်မှ ရွာသားတစ်ဦး၏သက်သေခံ ပြောကြားချက်

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ကရင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ပို၍ပြင်းထန်လာပြီး မြေမြှုပ်မိုင်းများအသုံးပြုမှုလည်း ပို၍ကျယ်ပြန့်လာခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)နှင့် လက်နက်ကိုင်တပ်ဖွဲ့များသည် မိမိတို့နယ်မြေကို ကာကွယ်ရန်နှင့် ရန်သူများကိုပစ်မှတ်ထားတိုက်ခိုက်ရန် အစရှိသော စစ်ရေးရည်ရွယ်ချက်များအတွက် မြေမြှုပ်မိုင်းများကို အသုံးပြုကြသည်။ သို့သော်လည်း မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် အဓိကထိခိုက်ခံစားရသူများမှာ ရွာသားများကိုယ်တိုင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြေမြှုပ်မိုင်းများကို ကျေးရွာများ၊ စိုက်ပျိုးခြံများနှင့် အများပြည်သူသွားလာသည့်လမ်းများ အစရှိသည့် အရပ်သားနေရာများတွင် ထောင်ထားသောကြောင့် ရွာသားများသည် မြေမြှုပ်မိုင်းကို နင်းမိခဲ့ခြင်းဖြစ်သည်။

KHRG အနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ် (၉) ခုကို လက်ခံရရှိခဲ့သည်။ ထိုဖြစ်စဉ်များတွင် အရပ်သား (၁၀) ဦးနှင့် နွားတစ်ကောင်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အစီရင်ခံတင်ပြမှုမရှိသည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်စဉ်များလည်းရှိသည်။ အကြောင်းရင်းမှာ KHRG ကွင်းဆင်းလုပ်သားများအနေဖြင့် တစ်ချို့နေရာများသို့သွားလာ၍ မှတ်တမ်းပြုစုရန်အတွက် လုံခြုံမှုမရှိခြင်းနှင့် ထိခိုက်ခံစားရသူကိုယ်တိုင်များလည်း မြေမြှုပ်မိုင်းဖြစ်စဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ မည်သို့တင်ပြရမည်နှင့်ပတ်သက်၍ အသိပညာနည်းပါးခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်လက်ရှိတွင် မြေမြှုပ်မိုင်းများပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့်အရေအတွက်သည် အထက်ကဖော်ပြခဲ့သည့် အရေအတွက်ထက် ပို၍များနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကရင်ပြည်နယ်တွင် မြေမြှုပ်မိုင်းများကို အသုံးပြုခြင်းခြင်းကြောင့် ရွာသားများ၏ ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းအတွက် အဟန့်အတားတစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြလိုပါသည်။

**စားဝတ်နေရေးအတွက် လယ်ယာစိုက်ခင်းထဲတွင် အလုပ်သွားနေစဉ် မြေမြှုပ်မိုင်းများထိမှန်ခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဖောကလိုးဒေသ၊ ဃဆ---ကျေးရွာမှ အသက် (၄၀) နှစ်အရွယ်ရှိသော ရွာသားတစ်ဦးဖြစ်သူ စောကဘ---သည် ၎င်း၏စိုက်ခင်းသို့သွားသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် စောကဘ---သည် ခြေထောက်တွင် ဒဏ်ရာအနည်းငယ်သာရရှိခဲ့ပြီး ထိုဒဏ်ရာကို ရွာထဲတွင်သာ ဆေးကုသခဲ့သည်။ စောကဘ--- သည် ထိုသို့မြေမြှုပ်မိုင်းနင်းမိပြီးနောက် အိမ်သို့ပြန်လာသည့်အချိန်တွင် လမ်းပေါ်တွင်ထောင်ထားသည့် မြေမြှုပ်မိုင်းနှစ်လုံးကိုတွေ့ရှိခဲ့၍ အခြားရွာသားများအား အသိပေးခဲ့သည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင်လည်း ဃဆ--- ကျေးရွာမှ အခြားရွာသားတစ်ဦးသည် ရွာအပြင်သို့ နွားသွားကျောင်းရန်အတွက် ထိုလမ်းကို အသုံးပြုခဲ့သည်။ ထို့နောက် ၎င်း၏နွားတစ်ကောင်သည် မြေမြှုပ်မိုင်းတစ်လုံးကိုနင်းမိ၍ ပေါက်ကွဲသွားခဲ့သည်။ ထိုနွားသည် ခြေထောက်တစ်ဖက် ပြတ်ထွက်သွားခဲ့သော်လည်း နွားပိုင်ရှင်ကိုမူ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့ပေ။

အလားတူစွာဖြစ်စဉ်မျိုးလည်း ဖောကလိုးဒေသတွင်ဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဖောကလိုးဒေသ၊ ဃည--- ကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးသည် ၎င်း၏တောင်ယာသို့သွား၍ ဟင်းသီးဟင်းရွက်များရှာဖွေနေစဉ် မြေမြှုပ်မိုင်းတစ်လုံးကိုနင်းမိခဲ့ပြီး ၎င်း၏ခြေထောက်တစ်ဖက်ပြတ်သွားခဲ့သည်။ အခြားရွာသားများက ထိုဖြစ်စဉ်ကို ကြားသိရှိပြီးနောက် အဆိုပါမြေမြှုပ်မိုင်းထိမှန်သည့်ရွာသားကို ထားဝယ်မြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထိုကဲ့သို့ အရပ်သားများလုပ်ကိုင်စိုက်ပျိုးသည့်နေရာများတွင် မြေမြှုပ်မိုင်းများထောင်ထားခြင်းကြောင့် ရွာသားများအနေဖြင့် စားဝတ်နေရေးအတွက် နိစ္စဓူဝလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အခက်အခဲများဖြစ်စေပါသည်။ ရွာသားများအနေဖြင့် ထိုဒေသအတွင်း ခရီးသွားလာပါက အန္တရာယ်ရှိသောနေရာများကို ရှောင်ကြဉ်ကြပါရန် သတိပေးခံရသည့်အခြေအနေများလည်းရှိကြောင်း သိရှိရသည်။ တစ်ခါတစ်ရံတွင် လက်နက်ကိုင်တပ်ဖွဲ့များသည် ၎င်းတို့ထောင်ထားသည့်မြေမြှုပ်မိုင်းများတည်နေရာကို ဒေသခံရွာသားများအား အသိပေးအကြောင်းကြားခြင်းရှိသော်လည်း လုံလောက်သည့်သတင်းအချက်အလက်များပေးခြင်းမရှိခဲ့ပေ။

ထိုကဲ့သို့သောဖြစ်စဉ်သည် မူတြော်ခရိုင်တွင် ထပ်မံဖြစ်ပွားခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၌ မနက် (၉:၄၅) မိနစ်တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ဃတ---ကျေးရွာမှ ရွာသားတစ်ဦးဖြစ်သူ စောကမ---သည် လုကာဘမ်းခီးနေရာရှိ ၎င်း၏တောင်ယာစိုက်ခင်းသို့ သွားသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အဆိုပါရွာသား၏ ဘယ်ဖက်ခြေထောက် ပြတ်ထွက်သွားခဲ့သည်။ ထို့နောက် ဒေသခံများသည် ဒဏ်ရာရရှိသည့်ရွာသားအား ဃထ--- ဆေးခန်းသို့ ပို့ဆောင်ခဲ့သည်။ တပ်ရင်းအမှတ်မသိရှိရသော SAC စစ်သားများသည် ဤမြေမြှုပ်မိုင်းကို ထောင်ထားခဲ့ခြင်းဖြစ်သည်။ စောကမ--- မှာ ကလေးနှစ်ဦးရှိသည်။ ယခုအချိန်တွင် ၎င်း၏ဒဏ်ရာကြောင့် မိသားစု၏ စားဝတ်နေရေးအတွက် အလုပ်လုပ်ရန်အခက်အခဲရှိနေပါသည်။

**ခရီးသွားလာရာမှ လမ်းပေါ်တွင် မြေမြှုပ်မိုင်းနင်းမိခြင်း**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ဖောကလိုးဒေသ၊ ဃည--- ကျေးရွာတွင်နေထိုင်သည့် ရွာသားတစ်ဦးဖြစ်သူ ဦးကယ---သည် ၎င်း၏အိမ်သို့ပြန်လာ




ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ ဃထ--- ဆေးခန်းတွင် ရိုက်ယူခဲ့သည်။ ပုံတွင် စောကမ---သည် ဆေးကုသမှုခံယူနေသောအခြေအနေကို ဖော်ပြထားသည်။ စောကမ---သည် ဇန်နဝါရီလ ၂၄ ရက်နေ့ မနက်ပိုင်းတွင် ၎င်း၏တောင်ယာစိုက်ခင်းသို့သွားကြည့်သည့်အချိန်တွင် မြေမြှုပ်မိုင်းနင်းမိခဲ့ပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။
*(ဓာတ်ပုံ – KHRG)*

သည့်အချိန်တွင် မြေမြှုပ် မိုင်းတစ်လုံးနင်းမိခဲ့သည်။ ဦးကယ--- သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး နေ့စားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဦးကယ---၏ ခြေထောက်တစ်ဖက်ပြတ်ထွက်သွားခဲ့သည်။ ဦးကယ---၏ဇနီးနှင့် အခြားရွာသားများသည် ဖြစ်စဉ်ကိုကြားသိရပြီးနောက် ဦးကယ--- ကို ရွာထဲသို့ခေါ်ဆောင်လာခဲ့သည်။ ၎င်းကို ရွာသို့ပြန်ခေါ်ဆောင်လာသည့်အချိန်တွင်လည်း နောက်ထပ်မြေမြှုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့ပြန်သည်။ သို့သော် မည်သူမှထိခိုက်ဒဏ်ရာရရှိခြင်းမရှိခဲ့ပေ။ ထို့နောက်ဦးကယ--- အား ထားဝယ်မြို့ရှိ ဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့ ညနေ (၃)နာရီဝန်းကျင်တွင် ဘိတ်-ထားဝယ်ခရိုင်၊ တနေ့သရီမြို့နယ်၊ ထားဝယ်ခီးဒေသ၊ ဃဒ---ကျေးရွာမှ ရွာသား (၆) ဦးသည် ဃဒ---ကျေးရွာသို့ ခရီးသွားခဲ့သည်။ ခရီးသွားနေစဉ် ၎င်းတို့ထဲမှတစ်ဦးသည် မြေမြှုပ်မိုင်းနင်းခဲ့မိပြီး ပေါက်ကွဲသွား၍ ရွာသား(၃)ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသည့်ရွာသား(၃)ဦးမှာ ဦးကရ--- (၂၅ နှစ်)၊ ဦးကလ--- (၃၃ နှစ်)နှင့် ဦးကဝ--- (၃၇ နှစ်) တို့ဖြစ်ကြပြီး ၎င်းတို့ကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ဒေသခံရွာသားများ၏ပြောပြချက်အရ ဤမြေမြှုပ်မိုင်းကို KTLA မှ ထောင်ထားခဲ့ခြင်းဖြစ်သည်။

### အရပ်သားနေထိုင်ရာဒေသတွင် မြေမြှုပ်မိုင်းများထောင်ထား၍ ရွာသားများအား ထိမှန်ခြင်း

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့မှ စစ်ပြေးရှောင်ရသည့် ရွာသားတစ်ဦးဖြစ်သူ မောင်သိန်းဦးနှင့် သူငယ်ချင်းတစ်ဦးသည် ၎င်းတို့၏အိုးအိမ်များကို ပြန်လည်ကြည့်ရှုရန်အတွက် ကျိုက်ဒုံမြို့သို့ ပြန်လာခဲ့သည်။ ကျိုက်ဒုံမြို့သို့ရောက်ရှိသည့်အချိန်တွင် ဦးကသ---သည် လမ်းမပေါ်တွင်ထောင်ထားသည့် မြေမြှုပ်မိုင်းတစ်လုံးကို နင်းမိခဲ့သည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဦးကသ---၏ ညာဖက်ခြေထောက်တွင် ပြတ်ထွက်သွားခဲ့ပြီး ဘယ်ဖက်ခြေထောက်လည်း ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် ဒေသခံအာဏာပိုင်များမှ ၎င်းအား ဃပ---ဆေးရုံသို့ပို့ဆောင်ပြီး ထိုမှတစ်ဆင့် ထိုင်းနိုင်ငံသို့ကူး၍ ထိုင်းနိုင်ငံရှိဆေးရုံတစ်ခုသို့ ပို့ဆောင်ခဲ့သည်။ ဤမြေမြှုပ်မိုင်းသည် SAC စစ်သားများမှ ထောင်ထားခဲ့ခြင်းဖြစ်သည်ဟု ကျိုက်ဒုံမြို့ရှိ ရွာသားများမှ ယူဆကြသည်။ အကြောင်းမှာ အခင်းဖြစ်ပွားသည့်နေရာသည် ခလရ-၅၅၈ တပ်စခန်းနှင့် နီးသောကြောင့်ဖြစ်သည်။




ဤပုံကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့၌ ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ထောဝါးလော်ကျေးရွာအုပ်စု၊ ဃပ---ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ကျိုက်ဒုံမြို့မှ စစ်ရှောင်ရွာသားတစ်ဦးဖြစ်သူ ဦးကသ---၏အခြေအနေကို ဖော်ပြထား သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဦးကသ--- သည် ကျိုက်ဒုံမြို့ရှိ ၎င်း၏အိမ်သို့ ပြန်လာသည့်အချိန်တွင် မြေမြှုပ်မိုင်းနင်းမိခဲ့ပြီး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။
*(ဓာတ်ပုံ – KHRG)*

အခင်းမဖြစ်ပွားမီ ဦးကသ--- နှင့်၎င်း၏သူငယ်ချင်းဖြစ်သူသည် ကျိုက်ဒုံမြို့သို့ပြန်လာသည့်လမ်းတွင် SAC ခလရ-၅၅၈ မှ ဝါးဖြင့်ပြုလုပ်ထားသည့်အမှတ်အသားများကို စိုက်ထူထားကြောင်း တွေ့ရှိခဲ့သည်။ ထိုအမှတ်အသားသည် လမ်းပေါ်တွင်စိုက်ထူထားပြီး အခြားတစ်ဖက်သို့ မသွားရန် တားမြစ်ထားသည်။ သို့သော်လည်း SAC အနေဖြင့် ထိုအမှတ်အသားများကို ပြုလုပ်ခဲ့သော်လည်း မြေမြှုပ်မိုင်းအမှတ်အသားဖြစ်သည်ဟု ဖော်ပြထားခြင်းမရှိပါ။ ထို့ကြောင့် ရွာသားများသည် အခြေအနေကိုမသိရှိဘဲ ထိုလမ်းကို ဖြတ်သန်းသွားလာခြင်းကြောင့် မြေမြှုပ်မိုင်းနင်းမိခဲ့ခြင်းဖြစ်သည်။ SAC သည် ၎င်းတို့ထောင်ထားသည့် မြေမြှုပ်မိုင်းများတည်နေရာကို ဒေသခံရွာသားများအား အသိပေးလေ့မရှိပေ။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ ကော်တရီမြို့နယ်၊ ကျိုက်ဒုံမြို့မှ အသက်(၁၈) အရွယ် စစ်ဘေးရှောင်ရွာသားတစ်ဦးသည် ၎င်း၏အိမ်ကို ပြန်လည်ကြည့်ရှုရန်အတွက် ကျိုက်ဒုံမြို့သို့ပြန်လာ၍ အိမ်သို့ရောက်ရှိသည့်အချိန်တွင် မြေမြှုပ်မိုင်းတစ်လုံးနင်းမိခဲ့ပြန်သည်။ ထိုမြေမြှုပ်မိုင်းကို SAC စစ်သားများမှ အဆိုပါရွာသား၏အိမ်အောက်တွင် ထောင်ထားခဲ့ခြင်းဖြစ်သည်။ မြေမြှုပ်မိုင်းပေါက်ကွဲ

စာမျက်နှာ ၂၂ သို့ ▶▶ ▶▶

# နေအိမ်များ မီးရှို့ခြင်း၊ ရွာသားများ၏ ပစ္စည်းဥစ္စာများအား ခိုးယူခြင်းနှင့် အရပ်သားပြည်သူများ၏ သွားလာမှုများအား ကန့်သတ်ခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာပြည်စစ်အစိုးရ SAC သည် ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးအုပ်ချုပ်မှုနယ်မြေအတွင်း စစ်ရေးလှုပ်ရှားမှုများ ခပ်စိပ်စိပ်လုပ်ဆောင်ခဲ့ပြီး ဒေသတွင်းသို့ ၎င်းတို့ဝင်ရောက်လှုပ်ရှားသည့်အခါများတွင် ဒေသခံပြည်သူများအပေါ်နည်းလမ်းမျိုးစုံဖြင့် လူ့အခွင့်အရေးများ ချိုးဖောက်ခဲ့သည်။ ဗမာစစ်တပ်သည် ကျေးရွာများသို့ စစ်လက်နက်များဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ရွာသားများ၏နေထိုင်ရာနေရာများအား မီးရှို့ဖျက်ဆီးခြင်းနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများအား ခိုးယူခြင်းများ လုပ်ဆောင်ကြသည်။ ထို့အပြင် ဗမာစစ်တပ်သည် ရွာသားများ၏ သွားလာလှုပ်ရှားမှုများအား နှောင့်နှေးစေရန် တာမြစ်စစ်ဆေးမှုများလည်း လုပ်ဆောင်ကြသည်။ ဗမာစစ်သားများသည် ပုံမှန်အားဖြင့် ရွာသားများ၏ နေအိမ်များအား တိုက်ပွဲဖြစ်ပွားစဉ်အချိန်နှင့် ရွာသားများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြသည့်အခါများတွင် မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ကြသည်။

**ဗမာစစ်တပ်မှ ရွာသားများ၏နေအိမ်များအား မီးရှို့ခြင်း**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် တောင်ငူခရိုင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) နှင့် ဒေသတွင်း တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့များကြား တင်းမာမှုများမြင့်တက်လာခဲ့ပြီး တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဒေးလိုမူနူအုပ်စုတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA) တို့မှ SAC သူလျှိုတစ်ဦးအား ဒေသတွင်း၌ လာရောက်ကင်းထောက်သည့်အချိန်တွင် သတ်ပစ်ခဲ့ကြသည်။ ထို SAC သူလျှို အသတ်ခံခဲ့ရပြီးနောက် SAC စစ်တပ်သည် ကျေးရွာ(၅)ရွာအတွင်းရှိ ရွာသားများ၏နေအိမ် အနည်းဆုံး(၂၇)လုံးအား မီးရှို့ဖျက်ဆီးခဲ့ပြီး ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်လေယာဉ်များဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ခြင်းကြောင့် ရွာသား(၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ထပ်မံ၍ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း၌ SAC သည် တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဒေးလိုမူနူအုပ်စု၊ ဃဖ--- ကျေးရွာသို့ ဝင်ရောက်လှုပ်ရှားကာ ရွာသားများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးမှု နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ ပထမတစ်ကြိမ်တွင် ရွာသားများ၏ နေအိမ် (၅) လုံးနှင့် ဒုတိယအကြိမ်တွင် နေအိမ်(၈)လုံး စုစုပေါင်း နေအိမ်(၁၃)လုံးအား SAC မှ ထိုကျေးရွာတစ်ရွာအတွင်း မီးရှို့ဖျက်ဆီးမှု ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်လည်း SAC ခြေလျင်တပ်ရင်း







ဤဓာတ်ပုံများအား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် တောအူးခရိုင်၊ ထေ၀တထူမြို့နယ်၊ ဒေးလိုမူနူအုပ်စု၊ ဃဖ---ကျေးရွာတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံတွင် SAC (ခလရ-၃၉) မှ တပ်သားများ၏ မီးရှို့ဖျက်ဆီးထားခြင်းကိုခံရသည့် ရွာသားများ၏နေအိမ်များကို ဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

အမှတ်(ခလရ-၃၉)မှ တပ်သားများသည် ဃဘ---ကျေးရွာသို့ ဝင်ရောက်ခဲ့ပြီး ရွာသားများ၏နေအိမ်များအား မီးရှို့ခဲ့သည်။ နောက်တစ်နေ့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် SAC (ခလရ-၃၉)နှင့် ပူးပေါင်းတပ်များသည် ဃဘ--- ကျေးရွာသို့ဝင်ရောက်ကာ ယာယီစခန်းချနေထိုင်ခဲ့သည်။ ထို့နောက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် SAC တပ်သည် ကျေးရွာအတွင်းမှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။ သို့သော် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ၎င်းတို့သည် ကျေးရွာအတွင်းသို့ ထပ်မံ၍ ပြန်လည်ဝင်ရောက်လာကာ ရွာသားတစ်ဦး၏ နေအိမ်(၁)လုံးအား မီးရှို့ခဲ့ကြသည်။ သို့ဖြစ်၍ SAC ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ရွာသားများ၏ နေအိမ် စုစုပေါင်း(၉)လုံး ပျက်စီးဆုံးရှုံးခဲ့ရသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် SAC (ခလရ-၃၉) မှ တပ်သားများသည် ဒေးလိုမူနူကျေးရွာအုပ်စု၊ ဃဖ--- ကျေးရွာသို့ ဝင်ရောက်ကာ ရွာသားများ၏ နေအိမ်(၁၇) လုံးအား မီးရှို့ဖျက်ဆီးခဲ့သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေ ၁ နာရီအချိန်တွင် ထန်းတပင်မြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ ဃမ--- ရွာရှိ SAC (ခလရ-၃၉)မှ စစ်သားများသည် ထန်းတပင်မြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုအတွင်းရှိ ဃယ---ကျေးရွာသို့ ဝင်ရောက်ခဲ့ကြသည်။ ၎င်းတို့ ကျေးရွာအတွင်းသို့ ဝင်ရောက်သည့်အချိန်တွင် ရွာသားများ၏

နေအိမ်(၄)လုံးအထက် မီးရှို့ဖျက်ဆီးမှုများ လုပ်ခဲ့ကြသည့်အပြင် ကက်သလစ်ဘုရားရှိခိုးဆောင် (၁)လုံးကိုလည်း မီးရှို့ခဲ့ကြသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် ဗမာစစ်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက် ညနေ ၆ နာရီအချိန်တွင် ဗမာစစ်တပ်သည် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေးကျေးရွာအုပ်စု၊ ဃရ--- ကျေးရွာရှိရွာသားများ၏နေအိမ် (၆၄) လုံးကို မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့ကြသည်။

ခလယ်လွိုထူခရိုင်တွင်လည်း ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် SAC (ခလရ-၃၅၁, ၆၀) သည် ခလယ်လွိုထူခရိုင်၊ မူး (မုန်း)မြို့နယ်၊ မြေပုံကျေးရွာအုပ်စု၊ ဃလ---ကျေးရွာသို့ဝင်ရောက်ကာ ရွာသားများ၏နေအိမ် (၂၃) လုံးအား မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ဘိတ်-ထားဝယ်ခရိုင်ဘက်တွင်မူ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် SAC (ခလရ-၂၈၅) မှ တပ်သားများသည် ဘိတ်-ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ အော်ပူဒေသသို့ ဝင်ရောက်ကာ ရွာသားများ၏နေအိမ် (၁၁) လုံးအား မီးရှို့ခဲ့ကြသည်။ ရွာသားများသည် ဗမာစစ်တပ်မှ ကျေးရွာအတွင်းသို့ ချီတက်လာသည်ဟု ကြားသိရသည့်အချိန်မှစ၍ ကျေးရွာအတွင်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြကြောင်း ကျေးရွာတာဝန်ရှိသူတစ်ဦးမှ ပြောပြသည်။ ထို့ကြောင့် ဗမာစစ်တပ်သည် ကျေးရွာအတွင်းသို့ရောက်ရှိလာကြသည့်အခါ ရွာသားတစ်ဦးတစ်ယောက်မျှ မတွေ့ရှိသဖြင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

**ဗမာစစ်တပ်မှ ရွာသားများ၏ နေအိမ်အသုံးအဆောင်ပစ္စည်းများအား ခိုးယူခြင်းနှင့် ရွာသားများ၏ ခရီးသွားခြင်းအား ကန့်သတ်တားမြစ်ခြင်း**

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ ထီးဒေးကျေးရွာအုပ်စု၊ ဃဝ---ကျေးရွာတွင် ဗမာစစ်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲဖြစ်ပွားပြီးနောက်တွင် ဗမာစစ်တပ်များသည် ၎င်းတို့အလိုရှိသည့် ရွာသားများ၏အသုံးအဆောင်ပစ္စည်းများအား ခိုးယူဆောင်ကြကာ ရွာသားများ၏နေအိမ်များအား မီးရှို့ခဲ့ကြသည်။ ဆက်လက်၍ ဗမာစစ်သားများသည် ရွာသားများ၏ ကား(၂)စီးနှင့် မော်တော်ဆိုင်ကယ်(၃)စီးအား ယူဆောင်သွားကြသည်။ တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် ဗမာစစ်သားများသည် ရွာသားများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ကြ၍ ရွာသားများအနေဖြင့် ထွက်ပြေးတိမ်းရှောင်ကြရကာ ဒုက္ခအခက်အခဲမျိုးစုံဖြင့် တွေ့ကြုံရင်ဆိုင်ကြရသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၅ ရက်နေ့အတွင်း ဘိတ်-ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ သတိုဒေသတွင် ဗမာစစ်တပ်မှ စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ဗမာစစ်သားများသည် ကျေးရွာအတွင်းနှင့် လမ်းဘေးများတွင် နေထိုင်မှုများပြုလုပ်သောကြောင့် ရွာသားများအနေဖြင့် အစားအစာများသွားရောက်ဝယ်ယူသည့်အခါ ဗမာစစ်တပ်၏ ဖမ်းဆီးခြင်းခံရမည်ကို စိုးရိမ်ထိတ်လန့်နေကြရသည်။

မူတြော်ခရိုင်အတွင်း၌ ဗမာစစ်တပ်သည် စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်လာခြင်း ကျေးရွာများအနီးနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ကိုင်စားသောက်သည့်နေရာများတွင် တပ်စခန်းများတည်ဆောက်တပ်စွဲခြင်းကြောင့် လူသောမြို့နယ်အတွင်းရှိ အရပ်သားပြည်သူများအနေဖြင့် ဘဝရပ်တည်ရှင်သန်ရေးအခက်အခဲများနှင့် ရင်ဆိုင်ကြရသည်။ ဆက်လက်၍ မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ခူးသူးထကျေးရွာအုပ်စု၊ ဃသ--- ကျေးရွာရှိ ဗမာစစ်တပ် စစ်ကွပ်ကဲအခြေစိုက်တပ်ရင်း အမှတ်-၃၀၉ မှ တပ်သားများသည် မလေးလယ်ကျေးရွာအုပ်စုနှင့် မယ်ဝေကျေးရွာ အုပ်စုများအတွင်း ဝင်ရောက်လှုပ်ရှားသည့်အချိန်တွင် ဒွယ်လိုးမြို့နယ်၊ မလေးလယ်ကျေးရွာအုပ်စု၊ ဃဟ---ကျေးရွာမှ ရွာသားများ၏ ဆန်၊ ဆီ၊ ဆား၊ အချိုမှုန့်၊ ကြက်၊ ကြောင် နှင့် အဝတ်အစားများအား အဓမ္မယူဆောင်ခဲ့ကြသည်။ ဗမာစစ်သားများမှ ရွာသားများ၏ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများအား အဓမ္မယူဆောင်ခြင်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တစ်ကြိမ်နှင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင်တစ်ကြိမ် ပြုလုပ်ခဲ့ကြသည်။ ဗမာစစ်သားများ၏ အတင်းအဓမ္မ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်ခြင်းခံရသည့် ရွာသားများအနေဖြင့် ၎င်းတို့စားသောက်ရန်အတွက် အစားအစာများမရှိတော့သည့်အတွက် အခြားသောရွာသားများထံမှ အစားအစာများပြန်လည်တောင်းယူ စားသောက်ကြရသည်။

ဆက်လက်၍ ဒွယ်လိုးမြို့နယ်၊ မထောကျေးရွာအုပ်စု၊ ဃအ--- ကျေးရွာရှိ ဗမာစစ်တပ် ပူးပေါင်းတပ်ဖွဲ့များဖြစ်သည့် တပ်ရင်းအမှတ် – ၄၀၇၊ ၄၀၁၊ ၄၁၀ နှင့် ၄၀၈ မှ စစ်သားများသည် ရွာသားများ၏ ဝင်ထွက်သွားလာခြင်းနှင့် အစားအစာများရှာဖွေစားသောက်ခြင်းများအား ကန့်သတ်ခြင်းများ လုပ်ဆောင်ကာ ရွာသားများ၏နေအိမ်များကို ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြသည်။

စောကပဟ--- ပြောပြသည်မှာ *"ဗမာစစ်သားတွေက ရွာသားတွေကို အပြင်ပေးမထွက်ဘူး။ တစ်ခါ ကျွန်တော် ငါးသွားရှာဖမ်းစားတယ် နောက် ကျွန်တော်ပြန်လာတဲ့အချိန် သူတို့ကို(ဗမာစစ်တပ်)သူများသွားပစ်တာနဲ့ တိုးတယ်။ အဲ့ဒါနဲ့ သူတို့(ဗမာစစ်တပ်)က မင်းသူများကို သတင်းသွားပေးတယ်မဟုတ်လားလို့ ကျွန်တော့်ကိုပြောပြီး ကျွန်တော့်ပါးကို နှစ်ချက်ရိုက်တယ်။ နောက်ဒုတိယအကြိမ် ကျွန်တော့်ကလေးအတွက် လိုတာတွေသွားဝယ်ဖို့ ဗမာစစ်တပ်ကို သွားလာဖို့ခွင့်သွားတောင်းတဲ့အခါ သူတို့ခွင့်ပြုတယ် ဒါပေမယ့် ကျွန်တော်ပြန်လာတဲ့အချိန် သူတို့ကျွန်တော့်ကို လမ်းဖြတ်ကူးတဲ့နေရာမှာ စောင့်ပစ်တယ်။ အရင်တစ်ခါကလည်း ကျွန်တော် မီးဆိုက်စရာထင်းမရှိတော့လို့ သစ်သွားခုတ်တော့ မှားပြီး သစ်တစ်ပင်၊ နှစ်ပင်ခုတ်မိတာ သူတို့က ကျွန်တော့်ကို KNU ကို အမှတ်အသားပေးတယ်လို့ပြောပြန်တယ်။ နောက်ဆုံးတော့ ဗမာစစ်တပ်ရဲ့ အနိုင်ကျင့်ဗိုလ်ကျတာကို မခံနိုင်တော့လို့ ကျွန်တော်တို့ ရွာထဲကနေထွက်လာခဲ့လိုက်တယ်။ ကျွန်တော်တို့ ရွာထဲကနေထွက်လာတော့ မိသားစုသုံးစုပဲ ထွက်လာခဲ့နိုင်တယ်။ ကျန်တဲ့မိသားစုတွေကတော့ ဗမာစစ်တပ်ရဲ့ သွားလာမှုတင်းကြပ်ထားလို့ သူတို့ထွက်လို့မရတော့ဘူး။ ဒါ့အပြင် ဗမာစစ်သားတွေက ရွာသားတွေကို ခြိမ်းခြောက်တာပြောဆိုတာ ကြောက်လန့်အောင်လုပ်တာတွေလဲ ရှိတယ်။ များသောအားဖြင့် ရွာထဲကနေ ထွက်သွားတဲ့ရွာသားတွေရဲ့အိမ်ကို ဗမာစစ်သားတွေက မီးရှို့တာတွေ၊ ဝါးတွေကိုယူပြီး သူတို့စခန်းပြန်ပြင်ဖို့*

*လုပ်တာတွေရှိတယ်။”*

ယခင် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ဒွယ်လိုးမြို့နယ်၊ ခူးသူးထ ကျေးရွာအုပ်စု၊ ဃသ---ကျေးရွာရှိ ဗမာစစ်တပ် တပ်ရင်းအမှတ်-၄၀၉ မှ စစ်သားများသည် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မလေးလယ် ကျေးရွာအုပ်စု၊ ဃဧ---ကျေးရွာရှိ ရွာသားများထံမှ အစားအစာနှင့် ပစ္စည်းဥစ္စာများကို အဓမ္မယူဆောင်ခဲ့ကြသည်။ ဗမာစစ်သားများသည် ရွာသားတစ်ဦးထံမှ ကြက် (၂) ကောင်၊ ဆိုလာ (၁) ချပ်၊ ဆေးရွက်ကြီး (၅) ပိဿာနှင့် အဝတ်အထည်များကို အဓမ္မယူ ဆောင်သွားခဲ့ကြသည်။ ထို့အပြင် ဗမာစစ်သားများသည် အခြားသောရွာသားများထံမှလည်း ဆီ၊ ငရုတ်သီး၊ နှမ်းဆီ၊ အချိုမှုန့်၊ ဆား၊ နနွင်း၊ ပျားရည်၊ ဆန်၊ နှမ်းငါးပိ နှင့် အခြားသော အစားအစာများကိုလည်း အဓမ္မယူဆောင်ခဲ့ကြ သည်။ ဗမာစစ်သားများမှ ရွာသားများ၏ အစားအစာနှင့် အသုံးအဆောင် ပစ္စည်းများ ယူဆောင်ခဲ့ခြင်းကြောင့် ရွာသားများအနေဖြင့် ကြီးမား သော ကြောက်ရွံ့ထိတ်လန့်မှုကို ဖြစ်စေသည်။ ထပ်မံ၍ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ထိုဗမာစစ်တပ် တပ်ရင်းအမှတ်-၄၀၉ မှ စစ်သားများသည် ရွာသားများ၏ အစားအစာများနှင့် အသုံးအဆောင် ပစ္စည်းများကို နောက်ထပ်တစ်ကြိမ် ယူဆောင်မှု ပြုလုပ်ခဲ့ကြပြန်သည်။

ထို့နည်းတူ ဒူးပလာယာခရိုင်တွင်လည်း ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့၌ ငက--- ကျေးရွာသားများသည် ဝဥများကိုရောင်းချရန် ကားနှစ်စီးဖြင့် မော်လမြိုင်မြို့သို့ သွားရောက်ခဲ့ကြသည်။ ၎င်းတို့ ကလီ ခီးတောင်ကုန်းထိပ်သို့ ရောက်သည့်အချိန်တွင် ဂိတ်ကြေးပေးရန်အ တွက် ကားကိုရပ်နားခဲ့ကြသည်။ သို့သော် ဗမာစစ်သားတစ်ဦးတစ် ယောက်မျှထွက်မလာသဖြင့် ၎င်းတို့၏ကားကို ရှေ့သို့ဆက်လက် မောင်းနှင်ခဲ့ကြသည်။ ရွာသားများ ဆက်လက်ထွက်ခွာသည့်အချိန်တွင် တောင်ကုန်းထိပ်ရှိဗမာစစ်သားများသည် ၎င်းတို့အား သေနတ်ဖြင့် ပစ်ခတ်သဖြင့် စောကအ---၏ ညာဘက်လက် ထိခိုက်ဒဏ်ရာရရှိခဲ့ သည်။ စောကအ--- သည် ဒူးပယာလာခရိုင်၊ နို့တကောမြို့နယ်၊ ဝေါ် လူကျေးရွာအုပ်စု၊ ငခ--- ရွာသားတစ်ဦးဖြစ်သည်။ ဤအဖြစ် အပျက် ဖြစ်ပွားပြီးနောက်ပိုင်းတွင် ရွာသားများသည် ထိုလမ်းမှ အ သွားအလာ မလုပ်ရဲကြတော့ပေ။ သို့သော် ရွာသားများအနေဖြင့် ၎င်းတို့ဘဝ ရပ်တည်ရှင်သန်ရေးအတွက် ထိုလမ်းကိုသာ မဖြစ်မနေ ဆက် လက် အသုံးပြုနေကြရသည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကော်တရီမြို့နယ်၊ ထော ဝလော်ကျေးရွာအုပ်စု၊ ရေတလျောက်စခန်းမှ ဗမာစစ်သားများသည် ရွာသားတစ်ဦး ထိုနေရာမှ ဆန်များပြန်သယ်ယူလာချိန်တွင် ထိုရွာသား ထံမှ ဆန်(၃)တင်း တောင်းယူခဲ့သည်။ ထိုရွာသားတစ်ဦးသည် ၎င်းတို့ ထွက်ပြေးတိမ်းရှောင်ရသည့်အချိန်တွင် စားသုံးရန် ဆန်များအား ပယ် ခလယ်မှ ပြန်လည်သယ်ယူလာခဲ့ခြင်းဖြစ်သည်။ ဗမာစစ်သားများသည် ရွာသားအား ဆန်တောင်းယူသည့်အချိန်တွင် ထိုရွာသားမှ ဆန်များကို ၎င်းတို့အား ပေးကျွေးလိုက်လျှင် ၎င်းမှာစားစရာဆန်မရှိတော့ဟု ပြော သည့်အခါ ဗမာစစ်သားများမှ ၎င်းတို့တွင်လည်း စားစရာဆန်မရှိတော့ ဘူးဟု ပြန်လည်ပြောဆိုခဲ့သည်။ ထို့ကြောင့် ရွာသားသည်လည်း စကား ဆက်မများရဲတော့ပဲ ဆန်(၃)တင်းအား ဗမာစစ်သားများအား ပေး လိုက်ရခြင်းဖြစ်သည်။

ဗမာစစ်သားများမှ ရွာသားများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ရွာသားများ၏ အိမ်အသုံးအဆောင်ပစ္စည်းများ အားခိုးယူခြင်း၊ ရွာသား များ၏ သွားလာလှုပ်ရှားမှုများအား ကန့်သတ်တားမြစ်ခြင်းများနှင့်စပ် လျဉ်း၍ အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းအရာများသည် ကရင် လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖေါ်ဝါရီလအတွင်း မှတ်တမ်းရယူခဲ့သည့် အကြောင်းအရာ များဖြစ်သည်။ ထို့ကြောင့် ထိုအကြောင်းအရာများသည် KHRG မှ မှတ် တမ်းရယူနိုင်ခဲ့သည့် အကြောင်းအရာများသာဖြစ်ပြီး မှတ်တမ်းမရယူ နိုင်ခဲ့သည့် အကြောင်းအရာများစွာလည်း ရှိနေနိုင်သည်။

▶▶ ▶▶ စာမျက်နှာ ၁၉ မှ အဆက်

သွား၍ ၎င်း၏ဘယ်ဖက်ခြေထောက်တွင် ဒဏ်ရာပြင်းပြင်းထန်ထန်ရ ရှိခဲ့သည်။ ထို့နောက် ထိုရွာသားအား ထိုင်းနိုင်ငံရှိဆေးရုံတစ်ခုသို့ ပို့ ဆောင်ခဲ့ပြီး ၎င်း၏ဘယ်ခြေထောက်အား ဖြတ်တောက်ခဲ့ရသည်။

ခလရ (၅၅၈) သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ကျိုက်ဒုံမြို့အတွင်း သို့ လက်နက်ကြီးပစ်ခတ်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ကျိုက်ဒုံမြို့မှ ရွာ သားများသည် အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထွက်ပြေးတိမ်းရှောင်နေရသည့်အချို့သော ရွာသားများသည် ၎င်းတို့ ၏အိုးအိမ်များနှင့် ကြက်၊ ဝက်အစရှိသော မွေးမြူထားသည့် တိရိစ္ဆာန် များကိုပြန်ကြည့်ရန်အတွက် မြို့သို့ပြန်လာလေ့ရှိသည်။ ဤကဲ့သို့ မြေ မြှုပ်မိုင်းဖြစ်စဉ်များကြောင့် စစ်ဘေးရှောင်ရွာသားများသည် ၎င်းတို့ အိမ်သို့ ပြန်မလာရဲကြတော့ပေ။ ဤဖြစ်စဉ်များတွင် SAC သည် မြေ မြှုပ်မိုင်းတည်နေရာနှင့်ပတ်သက်၍ ရည်ရွယ်ချက်ရှိရှိ အချက်အလက် များဖုံးကွယ်ထား၍ အရပ်သားနေရာများတွင် မြေမြှုပ်မိုင်းများထောင် ထားသောကြောင့် ဒေသခံလူထုများအပေါ် ကြီးမားသော အန္တရာယ် များဖြစ်စေသည်။

SAC နှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များအနေဖြင့် မြေမြှုပ် မိုင်းများကို အရပ်သားဒေသများတွင် မထောင်ထားရန်အတွက် ရွာ သားများမှ တောင်းဆိုကြပါသည်။ သို့မှသာလျှင် အရပ်သားများသည် လုံခြုံစွာ နေထိုင်နိုင်မည်ဖြစ်ပြီး စားဝတ်နေရေးအတွက် လွတ်လပ်စွာ သွားလာလုပ်ကိုင်နိုင်မည်ဖြစ်သည်။

**အသိပေးခြင်း**

**ဗမာစစ်သား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC)အား ကရင်ပြည်နယ်တွင်းရှိဒေသခံရွာသားများမှ ဗမာစစ်တပ် (သို့မဟုတ်) ဗမာစစ်သား၊ ဗမာစစ်အာဏာရှင် (သို့မဟုတ်) မြန်မာနိုင်ငံစစ်တပ် (သို့မဟုတ်) နိုင်ငံတော်စစ်အစိုးရဟု သိရှိခေါ်တွင်ခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁ ရက်နေ့တွင် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာနိုင်ငံစစ်တပ်မှတိုင်းပြည်အာဏာသိမ်းပြီးသည့်အချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟု ၎င်းတို့ကိုယ်ကိုခေါ်တွင်ခဲ့သည်ဖြစ်သောကြောင့် ယခုသတင်းလွှာရေးသားသည့်အခါတွင်လည်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ (SAC) ဟု ရေး သားဖေါ်ပြထားခြင်းဖြစ်သည်။

# စစ်ကောင်စီမှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်း

KHRG ၏မှတ်တမ်းများအရ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း KHRG ၏လှုပ်ရှားရာနယ်မြေ(၇)ခရိုင်မှ (၆) ခရိုင်အတွင်း၌ SAC အနေဖြင့် အရပ်သားများနေထိုင်သည့် နေရာများအတွင်းသို့သော်လည်းကောင်း၊ ရွာသူ/ရွာသားများ၏ လယ်ယာစိုက်ခင်းသို့သော်လည်းကောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများထဲမှ အဖြစ်များသောအရာတစ်ခုဖြစ်ပါသည်။ ထိုခရိုင်(၆)ခုသည် ဒူးသထူခရိုင်၊ တောအူးခရိုင်၊ ခလယ်လွီထူခရိုင်၊ ဘိတ်–ထားဝယ်ခရိုင်၊ မူတြော်ခရိုင်နှင့် ဒူးပလာယာခရိုင်များ ဖြစ်ကြသည်။ SAC မှ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကို စစ်တပ်အာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိပြု လုပ်လျက်ရှိပါသည်။ SAC သည် များသောအားဖြင့် တိုက်ပွဲဖြစ်ပွားချိန်အတွင်း PDF နှင့် KNLA စစ်သားများ၏ပစ်ခတ်ခြင်းခံရချိန်တွင် ဤကဲ့သို့လက်နက်ကြီးပစ်ခတ်မှုများကို ဆောင်ရွက်လေ့ရှိပါသည်။ တစ်ခါတစ်ရံတွင်လည်း SAC သည် မည်သည့်အကြောင်းအရင်းမျှမရှိဘဲ လက်နက်ကြီးများပစ်ခတ်လေ့ရှိသည်။ လက်နက်ကြီးကျည်ဆံများသည် ရွာသားများ အသက်မွေးဝမ်းကြောင်းပြုလုပ်သည့် လယ်ယာနှင့်စိုက်ခင်းများ၊ ကျေးရွာများနှင့်နီးသောနေရာနှင့် ကျေးရွာထဲ၌ပါကျရောက်လေ့ရှိပါသည်။ ထို့ကြောင့်ဒေသခံရွာသားများ အထူးသဖြင့် SAC တပ်စခန်းအနီးတွင် နေထိုင်ကြသောရွာသူ၊ရွာသားများသည် အသက်အန္တရာယ် ခြိမ်းခြောက်ခံရခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိခိုက်ခြင်း၊ သေဆုံးခြင်း၊ ထွက်ပြေးတိမ်းရှောင်နေရခြင်းအပြင် ၎င်းတို့၏ပိုင်ဆိုင်မှုများဖြစ်သည့် အိမ်မွေးတိရိစ္ဆာန်များ၊ စိုက်ပျိုးပင်များ၊ လယ်ယာများ၊ အိမ်များ၊ ကျောင်းနှင့် ဘာသာရေးအဆောက်အဦးများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ KHRG မှ လက်ခံရရှိသော အချက်အလက် အရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။ သို့သော် KHRG မှသွားရောက်မှတ်တမ်းပြုစုနိုင်ခြင်းမရှိသည့် အချက်အလက်များစွာ ကျန်ရှိနေသေးသည်။

### ဒူးသထူခရိုင်

SAC မှ (၆၀)မမ၊ (၈၁)မမ နှင့် (၁၂၀)မမ အစရှိသောလက်နက်ကြီးကျည်ဆံများကို ရွာသူ၊ရွာသားများ နေထိုင်ရာဒူးသထူခရိုင်အတွင်းရှိ ဘီးလင်းမြို့နယ်၊ ဘားအံမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်တို့တွင် လက်နက်ကြီးအကြိမ်ပေါင်းများစွာပစ်ခတ်ခြင်းဖြင့် လူ့အခွင့်အရေးကျူးလွန်ခဲ့ကြောင်း KHRG မှ မှတ်တမ်းပြုစုခဲ့ပါသည်။ ဒူးသထူခရိုင်အတွင်း SAC ပစ်ခတ်လိုက်သော လက်နက်ကြီးအရေအတွက်ကို မှတ်တမ်းပြုစုရာတွင် KHRG ၏ကွင်းဆင်းလုပ်သားများမှ (၆၀)မမ (၁၆၄)လုံး၊ (၈၁)မမ (၁၉)လုံး၊ (၁၂၀)မမ (၆၇)လုံး၊ (၇၉)မမ (၁၅)လုံး၊ အမည်မသိရှိရသောလက်နက်ကြီး (၄၅၈)လုံး၊ မပေါက်ကွဲသေးသောလက်နက်ကြီး(၇)လုံးရှိကြောင်း သိရပါသည်။ ဤကဲ့သို့ပစ်ခတ်မှုကြောင့် ကလေး(၇) ဦးနှင့် လူကြီး(၁၇)ဦး သေဆုံးခဲ့ပါသည်။ လူကြီး(၁၇)ဦးအနက် အမျိုးသမီး(၁၂)ဦးနှင့် သက်ကြီးရွယ်အိုအမျိုးသမီး (၅) ဦးပါဝင်ပါသည်။ ထို့အပြင် အသက်(၁)နှစ်အောက် ကလေးငယ်တစ်ဦးအပါအဝင် ကလေး(၂၁)ဦးနှင့် လူကြီး(၄၉)ဦး ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ လူကြီး (၄၉) ဦးတွင် အမျိုးသမီး (၂၃) ဦး၊ သက်ကြီးရွယ်အို (၇) ဦးနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး (၃) ဦးပါဝင်ပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့၊ နံနက် (၉း၂၀)မှ ညနေ (၄း၁၀) အချိန်တွင် ပန္နဲ့ကလားတပ်စခန်းမှ လက်နက်ကြီး(၆)လုံးပစ်ခတ်ခဲ့ရာ ငဂ--- ကွင်းပြင်တွင် (၃)လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ကလေးတစ်ဦးဖြစ်သူ စောကဇ--- ၏ ဘယ်ဘက်ခြေထောက်ကို ထိခိုက်ခဲ့သည်။ ထိုနည်းတူစွာပင် စက်တင်ဘာလ (၁၀) ရက်နေ့၊ ညနေ (၃း၁၀) မှ (၁၀း၁၃) အချိန်တွင် ပန္နဲ့ကလားတပ်စခန်းမှ လက်နက်ကြီး (၆၀)မမ (၆)လုံး ပစ်ခတ်ခဲ့ရာ လားခိုတောထဲသို့တစ်လုံးနှင့် ငဃ--- ကျေးရွာတွင် (၁)လုံး ကျရောက်ခဲ့ပြီး ရွာသူရွာသား (၄) ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ လက်နက်ကြီး (၆)လုံးအနက် (၅)လုံးသာပေါက်ကွဲခဲ့ပြီး ကျန်တစ်လုံးမှာအပေါက်ကွဲဘဲရှိနေသေးသည်။ ဤလက်နက်ကြီးပစ်ခတ်မှုကြောင့် အသက် (၇၃)နှစ်အရွယ်ရှိ စောညက--- နှင့် အသက် (၄၆)နှစ်အရွယ်ရှိ စောညခ--- ဆိုသူနှစ်ဦးတို့သည် သထုံမြို့ဆေးရုံတွင် သေဆုံးခဲ့ကြသည်။

ထို့အပြင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့၊ ည (၇း၅၈) အချိန်တွင် လက်နက်ကြီးတစ်လုံးသည် ငင--- ကျေးရွာအတွင်းရှိ စောညဂ---၏ တဲထဲတွင်ကျရောက်ပေါက်ကွဲခဲ့သောကြောင့် သစ်သားနှင့်ဝါးဖြင့် တည်ဆောက်ထားသောတဲနှင့် ၎င်း၏နွားထီး၊ နွားမတစ်စုံသေဆုံးပျက်စီးခဲ့ရသည်။ ယခုငွေကြေးအခြေအနေအရ ၎င်း၏နွားတစ်စုံသည် ၂,၀၀၀,၀၀၀ ကျပ်တန်ဖိုးရှိပါသည်။ ရွာသားတစ်ဦးမှ *“လက်နက်ကြီးတွေတစ်ကြိမ်ပြီးတစ်ကြိမ် ပစ်ခတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့အလုပ်ခွင်ထဲကိုသွားလာဖို့နဲ့ နေထိုင်ဖို့အတွက် လွတ်လပ်ခွင့်မရှိတော့ဘူး။ နောက်ပိုင်းလက်နက်ကြီးပစ်ခတ်မှုတွေပိုများလာမယ်ဆိုရင် ကလေးနဲ့သက်ကြီးရွယ်အိုတွေရဲ့ အသက်အန္တရာယ်ကိုစိုးရိမ်ရတယ်။ ပြီးတော့ ရွာသူ၊ရွာသားတွေရဲ့အိုးအိမ်၊ ပစ္စည်းတွေလည်းပျက်စီးသွားနိုင်တယ်။ ဒီလက်နက်ကြီးပစ်ခတ်မှုတွေကိုပြုလုပ်တဲ့ SAC လက်အောက်ခံစစ်သားတွေက လျော်ကြေးငွေနဲ့ ကူညီထောက်ပံ့မှုတွေမပေးတဲ့အပြင် လက်နက်ကြီးကြောင့်ဖြစ်ပေါ်လာတဲ့ပျက်စီးမှုတွေကိုလည်း တောင်းပန်တာမရှိဘူး။ စစ်သားတွေအမှားပြုလုပ်ကြတဲ့အပေါ် အထက်အရာရှိတွေကဘာအရေးမှမယူကြဘူး။ အပြစ်ကျူးလွန်တဲ့တပ်သားကိုလည်း တပ်ဖွဲ့အပြောင်းအလဲလုပ်ခြင်းနဲ့ အလုပ်ပေးနားတာမျိုးလည်းမရှိဘူး။”* ဟုဖော်ပြခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့၊ ည (၇း၂၀)မှ (၉း၃၀) အချိန်တွင် SAC ခြေမြန်တပ်ရင်းအမှတ်–၂၀၆ နှင့် အမြောက်တပ်အမှတ် – ၄၀၂ တို့သည် လက်နက်ကြီး (၁၂၀)မမ (၂၃)လုံးခန့်ကို ကျိုက်ထိုမြို့နယ်၊ ကော်လယ်အုပ်စု၊ ဂန---ကျေးရွာသို့ပစ်ခတ်ခဲ့ရာ ရွာသားများ၏နေအိမ် (၂)လုံး၊ ဂန---ဘုန်းကြီးကျောင်းအဆောက်အအုံတစ်လုံး ပျက်စီးခဲ့သည့်အပြင် အသက်(၂၆)နှစ်အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကိုလည်း သေဆုံးစေသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်နေ့၊ ည (၆း၃၀) အချိန်တွင် SAC အမြောက်တပ်အမှတ်–၃၁၀ သည် လက်နက်ကြီး (၆၀)မမ (၃)လုံးကို ခရွဲအုပ်စု၊ ငစ---ကျေးရွာသို့ပစ်ချခဲ့သည့်အနက် လက်နက်ကြီးနှစ်လုံးပေါက်ကွဲခဲ့သည်။ ပေါက်ကွဲသွားသော လက်နက်ကြီးနှစ်လုံးအနက်

တစ်လုံးမှာ ဦးညဃ--- ၏အိမ်ခြံဝင်းထဲတွင်ကျရောက် ပေါက် ကွဲခဲ့ပြီး ၎င်း၏ (၁၀)တန်းတက်နေသောသားနှင့် အသက်တစ်နှစ်အရွယ် ကလေးငယ် စောညင--- ၏ ဘယ်ဘက်ပေါင်ကိုထိခိုက်ဒဏ်ရာရစေပါသည်။ ထို့အပြင် မိမိအိမ်သို့ပြန်လာနေသော အသက် (၁၉)နှစ်အရွယ် ဦးညစ--- ၏သားဖြစ်သူ မောင်ညဆ--- သည် လက်နက်ကြီးအစအနဖြင့် ကျောကုန်း၌ဒဏ်ရာရခဲ့ပါသည်။ ဒဏ်ရာရရှိသူ (၂) ဦးအားနီးစပ်ရာဆေးရုံတစ်လုံးသို့ပို့ဆောင်ခဲ့ပြီး အစားအစာနှင့်ဆေးဝါးဖိုးခစရိတ်များ အကူအညီလိုအပ်နေသည်ဟု သိရှိရပါသည်။

## တောအူးခရိုင်

တောအူးခရိုင်အတွင်း၌ SAC လက်နက်ကြီးပစ်ခတ်မှုဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုကို အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့သော်လည်း KHRG မှတ်တမ်းပြုစုရာတွင် အဖြစ်အပျက် (၂၀) ခုကိုသာ မှတ်တမ်းယူနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၇) ရက်နေ့မှ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်အထိ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူနယ်မြေအတွင်းရှိ သူငွေးကုန်း၊ လက်ပံကွင်း၊ ကွဲတဲ၊ ကယားပြိုးချောင်း၊ ရှမ်းပြိုးချောင်းအရှေ့နောက်၊ ရေဆင်းကုန်းနှင့် လယ်သပြေကွင်းစပါးလင်ကုန်းအတွင်းသို့လက်နက်ကြီးအလုံးပေါင်း (၃၂)လုံးတိတိ ကျရောက်ပေါက်ကွဲခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း KHRG ကွင်းဆင်းလုပ်သား၏မှတ်တမ်းပြုစုချက်အရ SAC သည် တောအူးခရိုင်အတွင်းသို့ လက်နက်ကြီးအကြိမ်ရေ စုစုပေါင်း (၂၉၇) လုံးပြုလုပ်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့၊ ညနေ (၁) နာရီအချိန်တွင် ခြေမြန်တပ်ရင်းအမှတ်–၃၉ ပူးပေါင်းတပ်များသည် လက်နက်ကြီးများပစ်ခတ်ခဲ့သောကြောင့် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူအတွင်းရှိ ငဆ--- ကျေးရွာသို့ကျရောက်ခဲ့ပြီး ဦးညည--- ၏ဈေးဆိုင်တစ်လုံးကိုပျက်စီးစေသည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၆) ရက်နေ့တွင် လေးမိုင်အခြေစိုက်ခြေလျင်တပ်ရင်းနှင့် ခုနစ်မိုင်အခြေစိုက်ပူးပေါင်းတပ်ရင်းတို့သည် ကျေးရွာအနီးအနားနှင့် ကျေးရွာများထဲသို့ လက်နက်ကြီးများပစ်ခတ်သောကြောင့် ထောတထူမြို့နယ်၊ ဒေးလိုးမူနူအတွင်းရှိ ငဆ--- ကျေးရွာသို့ကျရောက်ပေါက်ကွဲခဲ့ပြီး ဦးညတ--- ၏ နွားနှစ်ကောင်ကိုထိကာသေဆုံးခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့တွင် လေးမိုင်အခြေစိုက် ခြေလျင်တပ်ရင်းနှင့် ခုနစ်မိုင်အခြေစိုက်ပူးပေါင်း တပ်ရင်းတို့သည် ထောတထူမြို့နယ်၊ ဒေးလိုမူနူနယ်မြေ၊ ငည--- ကျေးရွာသို့ လက်နက်ကြီးများပစ်ခတ်ခဲ့ရာ ဦးညထ--- ၏အိမ်ခေါင်မိုးကိုထိခိုက်ပျက်စီးစေပြီး ၎င်း၏အနီးအနားရှိအိမ် (၃)လုံးမှာလည်း လက်နက်ကြီးအစ ထိမှန်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့၊ ညနေ (၃း၀၀)တိတိ အချိန်တွင် ခုနစ်မိုင်အခြေချ စစ်တပ်များသည် ထောတထူမြို့နယ်၊ ဒေးလိုမူနူအုပ်စု၊ ငတ--- ကျေးရွာအနီးသို့ လက်နက်ကြီးပစ်ခတ်ခဲ့ရာ စောညဒ--- ၏အိမ်အနီးရှိသစ်ပင်တစ်ပင်အောက်တွင်ကျရောက်ပေါက်ကွဲခဲ့ပြီး (၃း၀၂)အချိန်တွင် လက်နက်ကြီး အစအနသည် စောညဒ---အိမ်အနီးရှိ ဝက်တဲကုတ်၊ ဝါးရုံနှစ်ရုံနှင့် စောညဒ---၏ မီးဖိုကြောင်ခေါင်မိုး နှစ်ခြမ်းကိုထိမှန်ပျက်စီးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ရွှေနန်းကလေးတပ်စခန်းအခြေစိုက် ဗျူဟာမှူးဟန်လင်းအောင် ဦးဆောင်သော မြန်မာစစ်သားအမြောက်တပ်တို့သည် ငထ--- ကျေးရွာ ငဒ--- ရပ်ကွက်အတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ လက်နက်ကြီး (၃)လုံးမှာ စောညန--- ၏အိမ်သို့ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ၎င်း၏အိမ်တွင်းပစ္စည်းများအားလုံး အစိတ်စိတ်အမွှာမွှာပျက်စီးကုန်သည်။

## ခလယ်လွိုထူခရိုင်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ခလယ်လွိုထူခရိုင်၌ဖြစ်ပွားခဲ့သော လက်နက်ကြီး ပစ်ခတ်မှုများအနက် KHRG ၏ကွင်းဆင်းလုပ်သားများမှ အဖြစ်အပျက် (၆၂) ခုကိုမှတ်တမ်းယူနိုင်ခဲ့သည်။ ထိုမှတ်တမ်းများအရ လက်နက်ကြီးအရေအတွက် အနည်းဆုံး (၁၇၆)လုံး ပစ်ခတ်ခဲ့ပြီး ရွာသူရွာသား(၃၉)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသမီးနှင့်ကလေးအပါအဝင် ရွာသား (၁၀)ဦး သေဆုံးခဲ့သည်။ ခလယ်လွိုထူခရိုင်၌ဖြစ်ပွားခဲ့သော အဖြစ်အပျက်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့၊ နေ့လယ် (၁၂း၅၃)အချိန်တွင် ပိန်းဇလုပ်အခြေစိုက် မြန်မာစစ်တပ်ခြေလျင်တပ်ရင်းအမှတ်–၂၆၄ သည် ဘလုဒိုစိုး (ရွာကလ) ကျေးရွာသို့ လက်နက်ကြီး (၁၂၂)မမ တစ်လုံးပစ်ခတ်ခဲ့သဖြင့် မိသားဝင်(၃)ဦးဖြစ်သော အသက် (၃၅)နှစ်အရွယ်ဖခင်ဖြစ်သူ စောညပ---၊ အသက် (၃၀)နှစ်အရွယ်မိခင်ဖြစ်သူ နော်ညဖ--- နှင့် အသက် (၂)နှစ်အရွယ်သမီးဖြစ်သူ နော်ညဘ--- တို့ကိုထိခိုက်ခဲ့ပါသည်။

နိုဝင်ဘာလ (၂၄) ရက်နေ့၊ ည (၁၁း၁၉)အချိန်တွင် ညောင်လေးမြို့တွင်အခြေချနေထိုင်သော SAC ခြေမြန်တပ်ရင်းအမှတ်–၂၀ သည် KNU နယ်မြေအတွင်းရှိ ဆောထိမြို့နယ်၊ ဝွေးကုန်းအုပ်စု၊ ငပ--- ကျေးရွာသို့လက်နက်ကြီး(၁၂၀)မမ(၈)လုံးပစ်ခတ်ခဲ့သည်။ ဤပစ်ခတ်မှုကြောင့် လက်နက်ကြီး(၃)လုံးမှာ ငပ--- ကျေးရွာသို့ ကျရောက် ပေါက်ကွဲခဲ့ပြီး ရွာသူ၊ရွာသားများ၏အိမ် (၃)လုံးကို ထိခိုက်ပျက်စီးစေသည်။ အိမ် (၃) လုံး၏ပိုင်ရှင်များမှာ ဦးညမ---နှင့်ဒေါ်ညယ---၊ ဦးညရ---၊ ဦးညလ--- နှင့်ဒေါ်ညဝ---တို့ဖြစ်ကြသည်။ ၎င်းတို့၏အိမ်တွင်းရှိပစ္စည်းများ၊ ရေစုပ်စက်မော်တာတစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့ပျက်စီးခဲ့သည့်အပြင် အသက် (၅၄)နှစ်အရွယ် ဒေါ်ညယ---သည်ပေါင်တွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရပြီး ၎င်း၏ အသက် (၁၈)အရွယ်သမီးဖြစ်သူ နော်ညသ--- သည်လည်းဘယ်ဘက်ဝမ်းဗိုက်တွင် ပြင်းထန်စွာဒဏ်ရာရကာ အသက်အန္တရာယ်စိုးရိမ်နေရပါသည်။ ၎င်း၏ အသက်(၇)နှစ်အရွယ်သားဖြစ်သူ မောင်ညဟ--- မှာမူ လက်နက်ကြီးအစဖြင့် ဦးခေါင်းအနောက်ဘယ်ဘက်ခြမ်းတွင် ထိခိုက်ခဲ့ပါသည်။ ဦးညမ---၏မိသားစုဝင်များမှာ တစ်နေ့လုပ်တစ်နေ့စားသမားများဖြစ်သည့်အတွက် ၎င်းတို့၏မိသားစုဝင် (၃)ဦးထိခိုက်ဒဏ်ရာရခြင်းကြောင့် စားဝတ်နေရေးနှင့် လုပ်ကိုင်စားသောက်ရန်အတွက် အခက်အခဲများစွာကိုရင်ဆိုင်ရပြီး ထိုကိစ္စအမျိုးမျိုးကိုရင်ဆိုင်ဖြေရှင်းရန် စိတ်သောကများစွာရှိပါသည်။ ဒေါ်ညယ--- နှင့် သူမ၏သားမောင်ညဟ--- တို့ သည် ငဖ--- ဆေးပေးခန်းတွင် ကုသမှုခံယူကြသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့၊ နံနက် (၁၀း၄၀)အချိန်တွင် ညောင်လေးပင်မြို့တွင်အခြေစိုက်နေသော SAC ခြေမြန်တပ်ရင်းအမှတ်–၂၀ သည် လက်နက်ကြီး (၁၂၀)မမ (၃)လုံးပစ်ခတ်ခဲ့ရာ ငပ--- ကျေးရွာအနီး၌ (၂)လုံး ကျရောက်ပေါက်ကွဲခဲ့သည့်အနက်တစ်လုံးမှာ

ငပ---ကျေးရွာရှိ ဘုန်းကြီးကျောင်းသို့ကျရောက်၍ ဘုန်းကြီးကျောင်း၏ ခေါင်မိုးတစ်ခုလုံး၊ ပစ္စည်းများနှင့် ဘုရားရုပ်ထုများကိုလည်း ပျက်စီးစေသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၈)ရက်နေ့၊ ည(၉း၀၀)အချိန်တွင် ကညွတ်ကွင်းမြို့၌အခြေစိုက်နေသော SAC ခြေမြန်တပ်ရင်းအမှတ်–၄၃၉ သည် လက်နက်ကြီး (၈၁)မမ (၃)လုံးပစ်ခတ်ခဲ့သောကြောင့် ဒေါ်ညအ--- ၏ နွားနှစ်ကောင်သေဆုံးခဲ့သည်။ ထို့အပြင် ဦးညဇ---၊ ဒေါ်ညအ---နှင့် ဒေါ်တက--- တို့၏အိမ် (၃) လုံးနှင့် ဒေါ်တခ---၊ ဒေါ်တဂ--- နှင့် ဒေါ်တဃ--- ဆိုသူ (၃)ဦးကိုလည်း ထိခိုက်ဒဏ်ရာရစေသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၉) ရက်နေ့၊ နံနက် (၁၁း၀၀) အချိန်တွင် ကညွတ်ကွင်းမြို့၌အခြေစိုက်နေသော SAC ခြေမြန်တပ်ရင်းအမှတ် –၄၃၉ သည် ခလယ်လွီထူခရိုင်၊ မူးမြို့နယ်၊ အထူးဒေသ၊ ဖြူးမြို့နယ်၊ ကျိုးကုန်းအုပ်စု၊ ငဘ---ကျေးရွာသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သည်။ ဤပစ်ခတ်မှုကြောင့် ရွာသူ/ရွာသား (၅)ဦးဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ (၅)ဦးမှာ အသက် (၁၅)နှစ်အရွယ် မောင်တင---၊ အသက် (၁၆)နှစ်အရွယ် မတစ---၊ အသက် (၄၈)နှစ်အရွယ် ဦးတဆ---နှင့် အသက် (၅၁)နှစ်အရွယ်ဦးတည--- တို့ဖြစ်ကြသည်။ ထိုထိခိုက်ဒဏ်ရာရသူများကို ဖြူးမြို့ဆေးရုံသို့ပို့ကြသည်။ အသက် (၇၅)နှစ်အရွယ်ဒေါ်တတ---မှာမူ သူမ၏အိမ် တံခါးဝနားတွင်လှဲလျောင်းနေစဉ် လက်နက်ကြီးအစအနထိမှန်ပြီးသေဆုံးခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၇)ရက်နေ့၊ ညနေ (၄း၀၀)အချိန်တွင် ပိန်းဇလုပ်အခြေစိုက် မြန်မာစစ်တပ်ခြေလျင်တပ်ရင်းအမှတ်–၂၆၄ သည် လက်နက်ကြီး (၁၅၅)မမ များကို ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ထူးဝါးစဲ့အုပ်စု၊ ငမ--- ကျေးရွာသို့ ပစ်ခတ်ခဲ့ရာ လက်နကြီးအစအနသည် အသက် (၅၄)နှစ်အရွယ် စောတထ--- ၏ဘယ်ဘက်ပုခုံးကို ထိမှန်ဒဏ်ရာရစေပြီး ကျေးရွာအတွင်းရှိဆေးရုံတွင် ကုသမှုခံယူခဲ့သည်။ အသက် (၃၆)နှစ်အရွယ် ကိုယ်ဝန်ဆောင်နေသော နော်တဒ--- သည် ဦးခေါင်း၌ဒဏ်ရာရပြီးသတိမေ့လျောခဲ့သည်။ သူမအား ငယ--- ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် မည့်သည့်ဆေးရုံကိုဆက်လက်ရွှေ့ပြောင်းခဲ့ကြောင်း သူမ၏မိသားစုဝင်များမသိကြပါ။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၄)ရက်နေ့၊ ညနေ(၆း၃၀)အချိန်တွင် မြန်မာစစ်တပ်ခြေလျင်တပ်ရင်းအမှတ် – ၂၆၄ သည် (၁၂၀)မမ လက် နက်ကြီး (၂)လုံးကို ခလယ်လွီထူခရိုင်၊ လယ်ဒိုမြို့နယ်အထူးနယ်မြေ၊ ငရ---- ကျေးရွာသို့ ပစ်ခတ်ခဲ့သောကြောင့် ငရ--- ကျေးရွာမှ ရွာသူ၊ရွာသား (၆)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ (၆)ဦးအနက် (၃) ဦးမှာကလေးများဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရသူ (၆)ဦးမှာ အသက် (၃၉)နှစ်အရွယ် ဦးတန---၊ အသက် (၄၂)နှစ်အရွယ် ဒေါ်တပ---၊ အသက် (၈)နှစ်အရွယ် ဒေါ်တဖ---၊ အသက် (၄၅)နှစ်အရွယ် ဦးတဘ၊ အသက် (၁၂)နှစ်အရွယ် မောင်တမ--- နှင့် အသက် (၁၂)အရွယ် မောင်တယ--- တို့ဖြစ်ကြပါသည်။ ပိန်းဇလုပ်အခြေစိုက်မြန်မာစစ်တပ်ခြေလျင်တပ်ရင်းအမှတ် – ၂၆၄ သည် လက်နက်ကြီးများကို လယ်ဒိုမြို့နယ်အတွင်းသို့ တစ်နေ့လျှင်(၇)လုံးမှ (၈)လုံးအထိ ပစ်ခတ် လေ့ရှိသည်ဟု သိရပါသည်။ ဒေသခံပြည်သူများလည်း ပို၍စိုးရိမ်လာကြပြီး ကြောက်ရွံ့စွာ လုပ်ကိုင်စားသောက်နေရပါသည်။ တစ်ခါတစ်ရံ လက်နက်ကြီးများသည် ကျေးရွာများနှင့် လယ်ကွင်းပြင်များသို့ ကျရောက်ပေါက်ကွဲလေ့ရှိသည်။

**ဘိတ်–ထားဝယ်ခရိုင်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ KHRG မှတ်တမ်းများအရ SAC သည် ဘိတ်–ထားဝယ်ခရိုင်အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကို အနည်းဆုံး (၂၇) ကြိမ်ဆောင်ရွက်ခဲ့သည်။ ထိုပစ်ခတ်မှုများကြောင့် လူဦးရေ(၁၅)ဦးသေဆုံးပြီး (၃၂) ဦးဒဏ်ရာရ ကာ ရွာသားများ၏အိမ် နှင့်အဆောက်အဦး များကိုထိခိုက်ပျက်စီးစေသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့၊ ညနေ (၃)နာရီ နှင့် (၄)နာရီအချိန်ခန့်တွင် ပလောမြို့အခြေစိုက် SAC ခြေလျင်တပ်ရင်းအမှတ်–၂၈၅ သည် လက်နက်ကြီး (၃)သုံးလုံးပစ်ခတ်ခဲ့သောကြောင့် ငလ---ကျေးရွာရှိ ရွာသူ၊ရွာသား(၅)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများမှာ အသက် (၈)အရွယ် မတရ---၊ အသက် (၉)အရွယ် မောင်တလ---၊ အသက် (၂၇)နှစ်အရွယ် ဒေါ်တဝ---၊ အသက် (၃၅)နှစ်အရွယ် ဒေါ်တသ---နှင့် အသက် (၄၀)ကျော် ဦးတဟ---တို့ဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရသောရွာသူ၊ရွာသားများကို ကုသမှုခံယူရန်အတွက် ပုလောမြို့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့တွင် SAC ရေတပ်နှင့် ပလောမြို့အခြေစိုက် SAC ခြေလျင်တပ်ရင်းအမှတ်–၂၈၅ သည် လက်နက်ကြီးအလုံး (၂၀)ခန့်ကို ဘိတ်–ထားဝယ်ခရိုင်၊ လယ်မူလားမြို့နယ်၊ ပလောနယ်မြေ၊ ငဝ---ကျေးရွာ သို့ပစ်ခတ်ခဲ့ရာ အသက် (၂၃)နှစ်အရွယ် မောင်တအ---၊ အသက် (၄၅)နှစ်အရွယ် ဒေါ်တဧ---နှင့် အသက် (၄၆)နှစ်အရွယ် ဒေါ်ထက--- တို့ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဒေါ်တဧ--- ၏ (၄)နှစ်အရွယ်သားဖြစ်သူမှာ အခင်းဖြစ်ပွားချိန်တွင် သေဆုံးခဲ့သည်။ ထိခိုက်ဒဏ်ရာရသူ (၃) ဦးကို ပုလောဆေးရုံသို့ပို့ဆောင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့တွင် SAC ခြေမြန်တပ်ရင်းအမှတ် – ၅၆၁ သည် ငသ--- ကျေးရွာ၊ ငဟ---ကျေးရွာနှင့် ငအ--- ကျေးရွာသို့ (၆၀)မမ လက်နက်ကြီးများပစ်ခတ်ခဲ့သောကြောင့် ရွာသူ၊ရွာသားများ ထိတ်လန့်ကြပြီးထွက်ပြေးတိမ်းရှောင်ကြသည်။ ဤလက်နက်ကြီးပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့၊ ည (၈း၄၄) အချိန်တွင် ပြည်ကြီးမဏ္ဍိုင်မြို့၊ လေညာကျေးရွာအခြေစိုက် SAC ခြေမြန်တပ်ရင်းအမှတ်–၅၅၉ နှင့် ၅၆၀ တို့သည် ငဧ--- ကျေးရွာဘက်သို့ လက်နက်ကြီး (၄)လုံး ပစ်ခတ်ခဲ့သည်။ SACမှ ငဧ--- ကျေးရွာအတွင်း၌ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)နှင့် ကော်သူးလေအာမီ (KNLA) တို့ ခိုလှုံနေသည်ဟုယူဆသောကြောင့် လက်နက်ကြီးများပစ်ချခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့၊ ညနေ (၅း၃၀)အချိန်တွင် KNLA တပ်မဟာ (၄) တပ်ရင်း (၂၀၃) နှင့် ၎င်းတို့၏ပူးပေါင်းတပ်ရင်းတို့သည် လယ်ကဆောမြို့နယ်၊ စက---ကျေးရွာအနီး၌ရှိသော SAC ၏ ကြက်မွေးမြူရေးခြံနေရာ ကိုချီတက်တိုက်ခိုက်ခဲ့ရာတိုက်ပွဲမှာတစ်နာရီသာကြာမြင့်ခဲ့သည်။ မှောင်လာပြီဖြစ်သည့်အတွက် KNLA ပူးပေါင်းတပ်ရင်းတို့သည် ဆုတ်ခွာခဲ့ကြသည်။ လက်တုံ့ပြန်သည့်အနေဖြင့် တိုက်ပွဲပြီးနောက်တွင် SAC တို့သည် စက---ကျေးရွာသို့ လက်နက်ကြီးများအဆက်မပြတ်ပစ်ခတ်ခဲ့သည်။ SAC ပစ်ခတ်လိုက်သော လက်နက်ကြီးများသည် စက---ကျေးရွာအနီးရှိ စခ--- ရပ်ကွက် နှင့် စဂ--- ရပ်

ကွက် အတွင်းသို့ကျရောက်ပေါက်ကွဲ ခဲ့သည်။

**မူတြော်ခရိုင်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဖာပွန်ကမမောင်း၊ သာဂေါ်ပလေ၊ မောလိုကလိုး၊ ကတဲတီ၊ ကစယ်သဲဖလယ်၊ မထော၊ ကူးဆိတ်အခြေစိုက်တပ်ရင်းများသည် ၎င်းတို့၏ရန်သူများထံမှ တိုက်ခိုက်ခံရသည်ဖြစ်စေ၊ တိုက်ခိုက်မခံရသည့်အချိန်တွင်ဖြစ်စေ ကျေးရွာများအတွင်းနှင့် ရွာသူရွာသားတို့၏ လယ်ယာစိုက်ခင်းထဲသို့ လက်နက်ကြီးများပစ်ခတ်လေ့ရှိသည်။ SAC သည် လက်နက်ကြီးများကို တစ်နေ့လျှင် နှစ်ကြိမ်သုံးကြိမ် ပစ်ခတ်လေ့ရှိပြီး ရွာသူရွာသားများသတိမထားမိသောအချိန်တွင်လည်း လက်နက်ကြီးပစ်ခတ်လေ့ရှိသည်။ KHRG ကွင်းဆင်းလုပ်သား၏မှတ်တမ်းပြုစုချက်အရ SAC နှင့် ၎င်းတို့၏ ပူးပေါင်းတပ်ဖွဲ့များသည်အထူးသဖြင့် ဒွယ်လိုးမြို့နယ်အတွင်းရှိ မထောအုပ်စု၊ ထီးသဘလုထအုပ်စု၊ ကတိုင်တိအုပ်စုနှင့် လေးဖိုးထအုပ်စု စသောအုပ်စု (၄)ခုအတွင်းသို့ လက်နက်ကြီးပစ်ခတ်လေ့ရှိကြောင်း သိရှိရပါသည်။ KHRG မှတ်တမ်းပြုစုနိုင်သော SAC ၏ လက်နက်ကြီးပစ်ခတ်မှုအကြိမ်အရေအတွက်မှာ (၅၂)ကြိမ်ဖြစ်ပြီး KHRG မှတ်တမ်းမပြုစုနိုင်သောအဖြစ်အပျက်များစွာကျန်ရှိနေပါသေးသည်။ SAC ၏လက်နက်ကြီး ပစ်ခတ်မှုကြောင့် ရွာသူရွာသား (၂၂) ဦးသေဆုံးပြီး (၈၆)ဦးထိခိုက်ဒဏ်ရာရခဲ့သည်။ ထို့အပြင် ရွာသူရွာသား၏ တိရစ္ဆာန်၊ အိမ်၊ ကျေးရွာအတွင်းရှိ အဆောက်အအုံ၊ လယ်ယာစိုက်ခင်းနှင့် စိုက်ပျိုးပင်အချို့လည်း ပျက်စီးခဲ့သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့၊ နံနက် (၉) နာရီတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောအုပ်စု၊ မထောကျေးရွာတွင် အခြေစိုက်သော SAC တပ်ရင်းအမှတ် – ၄၀၁၊ ၄၀၄ နှင့် ၄၁၀ တို့သည် စဃ––– ကျေးရွာအတွင်းသို့ လက်နက်ကြီး(၇လုံးပစ်ခတ်ခဲ့ရာ (၈၁)မမလက်နက်ကြီးနှစ်လုံးမှာ စောထခ–––နှင့် နော်ထဂ–––တို့၏လယ်ကွင်းထဲသို့ ကျရောက်ခဲ့သည်။ လက်နက်ကြီးတစ်လုံးမှာ အသက် (၇၂) အရွယ်နော်ထဂ–––၏တဲကုတ် အနီးတွင်ကျရောက်ပေါက်ကွဲသောကြောင့် နော်ထဂ–––သည်ဦးခေါင်းညာဘက်ခြမ်းတွင်ဒဏ်ရာရပြီး ချက်ချင်းသေဆုံးသွားသည်။ လက်နက်ကြီးအပိုင်းအစသည် တဲ၏နံဘေးတွင် တစ်ချက်၊ တိုင်တွင်တစ်ချက်နှင့် စိုလာပြားတစ်ချပ်တို့ကို ထိမှန်ပျက်စီးခဲ့သည်။ (၁၂၀)မမလက်နက်ကြီးတစ်လုံးသည် စဃ––– ကျေးရွာအတွင်းရှိ စောထဃ–––၏ အိမ်အထက်ပိုင်းတွင်ကျရောက်ခဲ့သည်။ သို့သော် ထိုလက်နက်ကြီးမှာ မပေါက်ကွဲခဲ့ပါ။ အခြားသော လက်နက်ကြီးများသည်လည်း စောထင–––လယ်ထဲ၌တစ်လုံး၊ စောထစ–––လယ်ထဲ၌တစ်လုံး ကျရောက်ပေါက်ကွဲ ခဲ့ပြီး ၎င်းတို့၏ ဆန်စပါးများကို ပျက်စီးစေသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်နေ့၊ နံနက် (၁၁) နာရီဝန်းကျင်တွင် ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထအုပ်စု၌ အခြေစိုက်နေသော ကဆယ်သဲဖလယ်တပ်ရင်းသည် ထီးသဘလုထအုပ်စုအတွင်းသို့ (၁၂၀) မမ လက်နက်ကြီး (၅) လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထအုပ်စု၊ စင––– ကျေးရွာရှိ စောထဆ–––လယ်ထဲသို့ကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်း၏ဆန်စပါးကိုလည်းပျက်စီးစေသည်။ ကျန်ရှိသောလက်နက် ကြီးများသည် စစ–––ကျေးရွာအနီး၊ စဆ––– ကျေးရွာအနီး နှင့် စည––– ကျေးရွာအနီးသို့ ကျရောက်ခဲ့သည်။

SAC သည် အမြဲတမ်းလိုလို လက်နက်ကြီးများကို မထောအုပ်စု၊ ထီးသဘလုထအုပ်စု၊ ကတိုင်တိအုပ်စုနှင့် လေးဖိုးထအုပ်စုများအတွင်းသို့ ပစ်ခတ်လေ့ရှိသောကြောင့် ထိုအုပ်စုအတွင်းရှိ ရွာသူရွာသား များမှာ အမြဲတမ်းကြောက်လန့်နေရသည်။ SAC တပ်ရင်းများသည် ဖာပွန်–ကမမောင်းလမ်းမကြီးအနီးတွင် အခြေစိုက်နေကြသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် SAC ၏ကစယ်သဲဖလယ်တပ်ရင်းသည် စတ–––ကျေးရွာအနီးရှိ စောထည–––လယ်ကွင်းထဲသို့ လက်နက်ကြီးများပစ်ချခဲ့သည်။ ၂၀၂၃ခုနှစ်၊ အောက်တိုဘာ လ (၂၅)ရက်နေ့တွင် ဤ SACတပ်ရင်းသည် စထ–––ကျေးရွာအတွင်းရှိ လယ်ကွင်းထဲသို့လက်နက်ကြီးများပစ်ချချိန် တွင် စောထတ–––ဆိုသူမှာ လယ်လုပ်နေသည်။ ၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် စဒ––– ကျေးရွာအနီးရှိ ကွမ်းသီးခြံထဲသို့ ထပ်မံပစ်ခတ်ခဲ့သောကြောင့် စောထထ–––၏ကွမ်းပင် (၁၀)ပင်ကိုထိမှန်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၀) ရက်နေ့၊ နံနက် (၈) နာရီအချိန်တွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မထောအုပ်စု၊ မထောကျေးရွာ အခြေစိုက် SAC တပ်ရင်းအမှတ် – ၄၀၄၊၄၀၇ နှင့် ၄၁၀ ပူးပေါင်းတပ်တို့သည် စဃ–––ကျေးရွာအတွင်းသို့ လက်နက်ကြီး (၉) လုံးပစ်ခတ်ခဲ့သည်။ လက်နက်ကြီး (၉) လုံးအနက် (၂)လုံးမှာ စဃ–––ကျေးရွာအတွင်းရှိနတ်စင်နှင့် သစ်ကိုင်းကိုထိမှန်၍ထိုသစ်ကိုင်းသည် ဦးထဒ–––၏အိမ်ခေါင်မိုးပေါ် (၄)ချက် ကျ၍ အိမ်ခေါင်မိုးပေါက်စေသည်။ စောထန–––၏အိမ်ခေါင်းရင်း၌လည်းတစ်လုံးတစ်လုံးကျရောက်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်၊ နံနက် (၉:၃၀) မိနစ်အချိန်တွင် ဒွယ်လိုးမြို့နယ်၊ ထီးသဘလုထအုပ်စု၊ ကဆယ်သဲဖလယ်တပ်စခန်း၌အခြေစိုက်သော SACနှင့် BGF (၁၀၁၃)တို့သည် စန–––ကျေးရွာအတွင်းသို့ (၁၂၀)မမ လက်နက်ကြီး (၄)လုံး ပစ်ခဲ့သည့်အနက် လက်နက်ကြီးတစ်လုံးမှာ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိကျေးနယ်၊ စန–––ကျေးရွာသို့အတွင်းရှိ အသက် (၄၉)နှစ်အရွယ် နော်ထန–––၏ အိမ်အနီးရှိအုန်းပင်နားသို့ ကျရောက်ကာ လက်နက်ကြီးအပိုင်းအစသည် အိမ်ခေါင်းမိုးတစ်ခြမ်းကိုထိမှန်ကာအိမ်တစ်လုံးလုံးပျက်စီးခဲ့သည်။

**ဒူးပလာယာခရိုင်**

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအထိ KHRG မှတ်တမ်းများအရ SAC သည် ဒူးပလာယာခရိုင်အတွင်းသို့ လက်နက်ကြီးပစ်ခတ်မှုကို အနည်းဆုံး (၂၀) ကြိမ်ဆောင်ရွက်ခဲ့သည်။ ထိုပစ်ခတ်မှုများကြောင့် လူဦးရေ (၂၄) ဦးသေဆုံးပြီး (၄၇) ဦးဒဏ်ရာရကာ ရွာသားများ၏အိမ် နှင့်အဆောက်အဦးများကို ထိခိုက်ပျက်စီးစေသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်၊ ၆ နာရီအချိန်တွင် ကျိုက်ဒုံမြို့နယ်၌ အခြေစိုက်သော (စကခ–၁၂) သည် ကျိုက်ဒုံမြို့နယ်၊ လော်ကဲအုပ်စု၊ စပ–––ကျေးရွာသို့ (၁၂၀)မမ လက်နက်ကြီးပစ်ခတ်ခဲ့ရာ စောထပ–––၏ အိမ်နောက်ဘေးမီးဖိုကြောင်သို့ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုအချိန်တွင် စောထပ–––သည် အိမ်နောက်တွင် ငါးချိုးသန့်စင်နေသောကြောင့် လက်နက်ကြီးအပိုင်းအစသည် ၎င်း၏ဘယ်ဘက်လည်ပင်းကိုထိမှန်ကာ ချက်ချင်းသေဆုံးခဲ့သည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် SAC စစ်တပ်များဖြစ်

သော ခြေမြန်တပ်ရင်းအမှတ် – ၁၂ နှင့် တပ်ရင်း (၉၇၊ ၂၀၀၊ ၂၃၁) တို့သည် ကော်တရီမြို့နယ်၊ သဒါအူးအုပ်စု၊ စဖ–––ကျေးရွာအတွင်းသို့ လက်နက်ကြီးများပစ်ခတ်ခဲ့သောကြောင့် အသက်(၆)နှစ်အရွယ် ကျောင်း သူ နော်ထဖ–––သေဆုံးခဲ့ပြီး အသက် (၁၂)အရွယ် နော်ထဘ––၊ အသက် (၁၆)နှစ်အရွယ် နော်ထမ––– နှင့် အသက် (၆)နှစ်အရွယ် စောထယ––– တို့မှာထိခိုက်ဒဏ်ရာရခဲ့သည်။ သေဆုံးသွားသူတစ်ဦး နှင့် ထိခိုက်ဒဏ်ရာရသူ (၃) ဦးတို့မှာ စဖ–––ကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများဖြစ်ကြသည်။ တစ်ဖန် ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်နေ့တွင် SAC များ ကျေးရွာထဲသို့လက်နက်ကြီးထပ်မံပစ်ခတ်ခဲ့သဖြင့် အသက် (၅၃) နှစ်အရွယ် စောထရ–––မှာ ပေါင်၌ ဒဏ်ရာရရှိခဲ့ပြီး ၎င်း၏မိသားစုဝင်များက စဘ–––ဆေးရုံသို့ လိုက်ပို့ကြသည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့၊ ညနေ (၇) နာရီအချိန်တွင် ဆိပ်ကြီးမြို့ရှိ SAC ခြေမြန်တပ်ရင်းအမှတ် – ၂၈၃ နှင့် ၃၂၊ တပ်ရင်းအမှတ် – ၂၈၄တို့သည် ၎င်းတို့အား ကော်သူးလေအာမီ KTLA တို့ကတိုက်ခိုက်မည်ဟု သတင်းရသဖြင့် တစ်ညလုံးလုံးလက်နက်ကြီးများ ယမ်းသမ်းပစ်ခတ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့၊ နံနက် (၄) နာရီအချိန်တွင် လက်နက်ကြီးသည် စောထလ–––၏အိမ်သို့ကျရောက်ပေါက်ကွဲခဲ့သဖြင့် ၎င်းအားထိမှန်၍ ချက်ချင်းသေဆုံးခဲ့သည်။ ထို့အပြင် အခြားလက်နက်ကြီးတစ်လုံးသည် အသက် (၇၅) နှစ်ရှိသော စောထဝ–––၏ အိမ်ရှေ့သို့ကျရောက်၍ လက်နက်ကြီးအပိုင်းအစသည် ၎င်း၏ဦးခေါင်းကိုထိမှန်ကာချက်ချင်းသေဆုံးခဲ့သည်။ ဤအကြိမ်လက်နက်ကြီးပစ်ခတ်မှုတွင် ရွာသူ၊ရွာသား(၁၉)ဦးနှင့်အထက်ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကုသမှုခံယူရန် မော်လမြိုင်ဆေးရုံသို့ပို့ဆောင်ကြသည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့၊ နံနက် (၁၀) နာရီအချိန်၌ စကခ – ၁၂ ၏စီမံခန့်ခွဲမှုအောက်တွင်ရှိသော SAC ခြေလျင်တပ်ရင်းအမှတ် – ၂၃၀ သည် ကရူတူး (ကျုံတိုး)မြို့နယ်၊ တောင်ကြာအင်းကျေးနယ်သို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့သဖြင့် အသက် (၄၆) နှစ်အရွယ်ရှိသော နန်းထသ––– သည် ဦးခေါင်း၌ဒဏ်ရာရကာကွယ်လွန်သွားခဲ့သည်။ ထို့နောက် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့၊ ညနေ (၅) နာရီအချိန်တွင် SAC များသည် စမ––– ကျေးရွာ သို့လက်နက်ကြီးများထပ်မံပစ်ခတ်ခဲ့သဖြင့် လက်နက်ကြီးအပိုင်းအစသည် အသက် (၇၁) နှစ်အရွယ် ဒေါ်ထဟ–––၏ ညာဘက်ဒူးခေါင်းနှင့် အသက် (၆၈) နှစ်အရွယ် နော်ထအ–––၏ ဘယ်ဘက်ပေါင်ကိုထိမှန် ဒဏ်ရာရစေသောကြောင့် ၎င်းတို့အား ဘားအံဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။

## နိဂုံးချုပ်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း SAC စစ်သားများသည် လက်နက်ကြီးများပစ်ခတ်သောကြောင့် ခရိုင် (၆) ခရိုင်အတွင်းရှိ ရွာသူ၊ရွာသားအချို့မှာ အသက်ဆုံးရှုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် အချို့မှာ အသက်ဘေးအန္တရာယ်မှလွတ်မြောက်ရန် ၎င်းတို့၏အိမ်ကိုချန်ရစ်ထားခဲ့ရပြီး အခြားကျေးရွာများနှင့် နိုင်ငံခြားများသို့ ထွက်ပြေးခိုလှုံကြရသည်။ SAC စစ်သားများလက်နက်ကြီးပစ်ခတ်ပြီးနောက် ရွာသူ၊ရွာသားများသည် ကျေးရွာထဲတွင်မအိပ်ရဲကြတော့ဘဲ ရွာအပြင်ဘက်သို့ထွက်ပြေး၍အိပ်ကြရသည်။ ဤကဲ့သို့ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ရွာသူရွာသားများသည် ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများနှင့် စားဝတ်နေရေးအခက်အခဲများစွာကိုရင်ဆိုင်ကြရသည်။ ထို့အပြင် ရွာသူ၊ရွာသားများ၏ အိမ်၊ လယ်ကွင်း၊ ခြံ နှင့် စိုက်ပျိုးပင်များ ပျက်စီးပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများကိုလည်းဆုံးရှုံးလိုက်ရသည်။ SAC စစ်သားများ၏လက်နက်ကြီးပစ်ခတ်မှုသည် ရွာသူ၊ရွာသား၏အိမ်အဆောက်အဦးများပါ ထိခိုက်ပျက်စီးစေသည်။ ဤကဲ့သို့လက်နက်ကြီးပစ်ခတ်မှုများကို သုံးသပ်ကြည့်လျှင် မဖြစ်သင့်မဖြစ်ထိုက်သောအရာဖြစ်၍ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ (IHL) အရ ကြီးမားသောလူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခုအပါအဝင်လည်းဖြစ်ပါသည်။

▶▶ ▶▶ စာမျက်နှာ ၁၇ မှ အဆက်

ပြန် လည်နေထိုင်ရန် မဝံ့ရဲကြဘဲ အခြားသောကျေးရွာများနှင့် အချို့မှာ ထီးခီးဒေသရှိ မြေယာများတွင် သွားရောက်နေထိုင်ကြရသည်။

ဆက်လက်၍ မူတြော်ခရိုင်တွင် ဖြစ်ပွားခဲ့သည့် အရပ်သားပြည်သူတစ်ဦးသတ်ဖြတ်ခံရသည့် ဖြစ်ရပ်တစ်ခုကို ဖော်ပြအပ်ပါသည်။ ထိုဖြစ်စဉ်သည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင်လည်း မူတြော်ခရိုင်၊ ဘူးသို မြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဖာပွန်မြို့ ဃစ––– ရပ်ကွက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်တွင် အသက် ၅၀ အရွယ် ဦးကဖ–––သည် နံနက် ၆ နာရီအချိန်၌ ယွန်းစလင်းမြစ်အတွင်း ထောင်ထားသည့် ၎င်း၏ငါးပိုက်ကွန်များအားစစ်ဆေးရန် သွားရောက်ခဲ့သည်။ ထိုစဉ် အမည်မသိ လုံခြုံရေးယူနေသည့် SAC တပ်သားတစ်ဦးမှ ၎င်းလှေပေါ်သို့ရောက်ရှိချိန်တွင် ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ ထို့ကြောင့် ကဖ––– သည် လှေအနီးသို့ပြုတ်ကျပြီး ထိုနေရာတွင် ပင် သေဆုံးသွားသည်။ SAC တပ်သား၏ ပစ်ခတ်သတ်ဖြတ်ခြင်းခံခဲ့ရသော ကဖ––– သည် မွတ်စလင်မ်လူမျိုးတစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံတွင် SAC မှ အာဏာသိမ်းပြီးသည့်နောက်ပိုင်း အရပ်သားပြည်သူများအား အကြောင်းမဲ့ သတ်ဖြတ်ခြင်းများကို SAC တပ်သားများနှင့် ဒေသတွင်းလက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်နေကြောင်း မှတ်တမ်းများအရ သိရှိရသည်။ ထို့ကြောင့် အရပ်သားပြည်သူများအနေဖြင့် အချိန်တိုင်း အကြောက်တရားဖြင့် ရှင်သန်နေထိုင်နေကြရမည်မှာ မလွဲဧကန်မုချပင်ဖြစ်သည်။

**အရှေ့မျက်နှာဖုံး**

ဤဓာတ်ပုံအား ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်တွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနုအုပ်စု၊ ဃဖ–––ကျေးရွာတွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ ဓာတ်ပုံတွင် SAC (ခလရ–၃၉) မှ တပ်သားများ၏ မီးရှို့ဖျက်ဆီးထားခြင်းကိုခံရသည့် ရွာသားများ၏နေအိမ်များကို ဖော်ပြထားခြင်းဖြစ်သည်။ *(ဓာတ်ပုံ – KHRG)*

**အနောက်မျက်နှာဖုံးဓာတ်ပုံ**

ပုံတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးနယ်အတွင်းရှိ ဂပ––– မူလတန်းကျောင်းမှ ကျောင်းသူ/သားများသည် မြန်မာစစ်တပ်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ၎င်းတို့၏ကျောင်းတွင် ကောင်းမွန်စွာစာသင်ယူခွင့်မရှိတော့ဘဲ တောတောင်ထဲတွင် ခိုလှုံစာသင်နေရသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ– KHRG)*

“

သူတို့ (SAC စစ်သား) တွေက ကျွန်တော့်ကို ဓားပြင်နဲ့ရိုက်နှက်တာ သွေးပါထွက်တယ်။ ပြီးတော့ ပါးကိုလည်းရိုက်တယ်။ နောက်ပြီး သူတို့က ကြိုးပြန်ယူပြီး ကျွန်တော့်ကို နောက်ပြန်ကြိုးတုတ်တယ်။ ကျွန်တော့်လက်တွေကရောင်ကိုင်းလာပြီး။ သွေးတောင် သွားလို့မရတော့တာ။ အရမ်းတင်းတာ။ လုံးဝမခံနိုင်တော့ ကျွန်တော့်ကိုကြိုးလာလျှော့ပေးဖို့ တပ်ကြပ်ကြီးကို ပြောလိုက်တယ်။ သူကြိုးလာလျှော့ပေးလိုက်တော့ နည်းနည်းအဆင်ပြေသွားတယ်။

မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ တနေးကျေးရွာအုပ်စု၊ ဂဂ———ကျေးရွာနေ စောရ———၏ ပြောကြားချက်

”

